# အန္တရာယ်အောက်ကျရောက်နေသော ရပ်ရွာလူထုနေရာများ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရပ်ရွာအဆောက်အဦးများ နှင့် ရိုးရာယဉ်ကျေးမှုအခမ်းအနားများအား တိုက်ခိုက်ဖျက်ဆီးခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ)

အနှစ်ချုပ်စာတမ်း

ဩဂုတ်လ ၂၉ ရက်၊ ၂၀၂၅ ခုနှစ် / KHRG စာအမှတ်- 25-3-BP1



KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုမှစ၍[1] လက်နက်ကိုင်ပဋိပက္ခများ ပို၍ဖြစ်ပွားလာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)[2] မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူမှုအသိုင်းအဝန်းများအား ပစ်မှတ်ထားအကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် ရွာသားများသည် မလုံခြုံမှုများနှင့်ကြုံတွေ့ခံစားနေရသည်။ SAC သည် ကျေးရွာများကို ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်သည့်အပြင် အများပြည်သူပိုင်အဆောက်အဦးများကိုလည်းတိုက်ခိုက်ဖျက်ဆီး၍ ရွာသားများ၏လူမှုဘဝကို ခြိမ်းခြောက်စေပါသည်။ ရွာသားအများစုသည် ဘုန်းကြီးကျောင်း၊ ဘုရားကျောင်း၊ စာသင်ကျောင်းနှင့် ဆေးရုံ၊ ဆေးခန်းများအစရှိသော ပြည်သူပိုင်အဆောက်အဦးများကို ဝတ်ပြုကိုးကွယ်သည့်နေရာဖြစ်စေ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာပွဲတော်များကို ကျင်းပဆင်နွှဲသည့်နေရာဖြစ်စေ၊ စာသင်ကြားသည့်နေရာဖြစ်စေ၊ ဆေးကုသမှုရယူသည့်နေရာဖြစ်စေ အသုံးပြုကြသည်။ ဤအဆောက်အဦးများသည် လူမှုအဖွဲ့အစည်းအတွက်အရေးပါပြီး ရွာသားများ၏လူမှုဘဝအတွက်လည်း အခရာကျသောနေရာများဖြစ်သည်။ ထိုနည်းတူ ရိုးရာယဉ်ကျေးမှုဆိုင်ရာပွဲတော်များသည် ရွာသားများအနေဖြင့် ၎င်းတို့၏ယဉ်ကျေးမှုကို ထုတ်ဖော်ပြသ၍ ကျင်းပသောနေရာဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် SAC သည် ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်ရှိ ရပ်ရွာအဆောက်အဦးများနှင့် အခမ်းအနားများအား အဆက်မပြတ်အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် အကျိုးဆက်အနေဖြင့် ရွာသားများသည် ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများကျင်းပခြင်း၊ ဆေးကုသမှုရယူခြင်းနှင့် ပညာလေ့လာသင်ယူခြင်းတို့အပေါ် အခက်အခဲ၊ စိန်ခေါ်မှုများဖြစ်စေပါသည်။ ၎င်းလုပ်ရပ်သည် ရွာသားများ၏လူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေကို သိသိသာသာ ချိုးဖောက်နေသည်။

ဤအနှစ်ချုပ်စာတမ်းသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ SAC အနေဖြင့် ကရင်ပြည်နယ်ရှိ ရပ်ရွာအဆောက်အဦးများကို အကြမ်းဖက်တိုက်ခိုက်သည့်အခြေအနေများနှင့်ပတ်သက်၍ KHRG မှတ်တမ်းပြုစုခဲ့သော ဖြစ်စဉ်များ နှင့် ရွာသားများမှ တင်ပြခဲ့သောသက်သေအထောက်အထားများကို ရေးသားဖော်ပြထားသည်။ ရပ်ရွာအဆောက် အဦးများဖျက်ဆီးခံရသောကြောင့် ဘာသာရေးဆိုင်ရာဝတ်ပြုကိုးကွယ်ခြင်း၊ ရိုးရာယဉ်ကျေးမှု ဆိုင်ရာပွဲများကျင်းပခြင်း၊ စာသင်ကြားခြင်းနှင့် ဆေးကုသမှုရယူခြင်းများစသည်တို့တွင် ရွာသားများကြုံတွေ့ရသောအခက်အခဲ စိန်ခေါ် မှုများကိုလည်း ဤအနှစ်ချုပ်စာတမ်းတွင် မီးမောင်းထိုးပြထားပါသည်။ အနှစ်ချုပ်စာတမ်း၏ပထမအပိုင်းတွင် ယခင်အတိတ်ကာလနှင့် ယခုလက်ရှိကာလအတွင်း မြန်မာပြည်အရှေ့တောင်ရှိ လူ့အခွင့်အရေးအခြေအနေများကို အကျဉ်းချုပ်ခြုံငုံသုံးသပ်ထားပါသည်။ ဒုတိယအပိုင်းတွင် ၂၀၂၅ ခုနှစ်နှစ်ဝက်ကာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် SAC မှ ရပ်ရွာအဆောက်အဦးများနှင့် ရိုးရာယဉ်ကျေးမှု ဆိုင်ရာအခမ်းအနားများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ဤအကြမ်းဖက်မှုကြောင့် ရွာသားများအပေါ် ထိခိုက်စေသောဆိုးကျိုးသက်ရောက်မှုများကို တင်ပြထားသည်။ တတိယအပိုင်းတွင် ဤသို့အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်သော ဥပဒေချိုးဖောက်မှုများ အကြောင်းအပါအဝင် ပြည်တွင်းနှင့်ပြည်ပသက်ဆိုင်ရာတာဝန်ရှိသူများအတွက် လေးစားလိုက်နာရမည့်အကြံပြုချက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

## ၂။ ခြုံငုံသုံးသပ်ချက် - မြန်မာစစ်တပ်မှ ဆယ်စုနှစ်များစွာ ကျင့်သုံးလာသည့်လုပ်ရပ်တစ်ခုဖြစ်သော ကျေးရွာများနှင့် ရပ်ရွာအဆောက်အဦးများအား တိုက်ခိုက်ခြင်း

၁၉၄၈ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ၎င်းလက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့သည် နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုရရှိရန် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သည့်အချိန်ကာလကတည်းက မြန်မာစစ်တပ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်ကြသော ရွာသားများနှင့်၎င်းတို့၏ရပ်ရွာဒေသကို စနစ်တကျ

1 On February 1st 2021, the Burma Army (or Tatmadaw) deposed the democratically elected government led by the National League for Democracy (NLD), transferred power to Min Aung Hlaing, the Commander-in-Chief of Myanmar's Armed Forces, and invalidated the NLD's landslide victory in the November 2020 General Election.

2 The State Administration Council (SAC) is the executive governing body created in the aftermath of the February 1st 2021 military coup. It was established by Senior General Min Aung Hlaing on February 2nd 2021, and is composed of eight military officers and eight civilians. The chairperson serves as the de facto head of government of Burma/Myanmar and leads the Military Cabinet of Myanmar, the executive branch of the government. Min Aung Hlaing assumed the role of SAC chairperson following the coup. The military junta changed its name in July 31st 2025 to State Security and Peace Commission (SSPC).

အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ရွာသားများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် မြန်မာစစ်တပ်ကျင့်သုံးလာခဲ့သော **ဖြတ်လေးဖြတ်**မဟာဗျူဟာ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဖြတ်လေးဖြတ်လေးမဟာဗျူဟာသည် မြေလှန်မီးရှို့စစ်ဆင်ရေးဖြစ်ပြီး ၎င်းရည်ရွယ်ချက်မှာ တော်လှန်ရေးတပ်ဖွဲ့များအား စားနပ်ရိက္ခာ၊ ငွေကြေးပံ့ပိုးမှု၊ တပ်သားသစ်စုဆောင်းမှုနှင့် နည်းပညာထောက်ပံ့မှုများ ရရှိခြင်းမှ ဖြတ်တောက်နိုင်ရန်ဖြစ်သည်။ ဤဗျူဟာမူဝါဒအရ မြန်မာစစ်တပ်သည် ကရင်ပြည်နယ်ရှိရွာသားများ အပေါ် ရန်သူစစ်သားအဖြစ်သော်လည်းကောင်း၊ စစ်ဖက်ဆိုင်ရာတိုက်ခိုက်မှုပစ်မှတ်အဖြစ်သော်လည်းကောင်း ရှုမြင်ခဲ့သည်။

မြန်မာစစ်တပ်သည် 'အမဲရောင်နယ်မြေ'[3] ဆို၍ သတ်မှတ်ထားသောဒေသများတွင် ကျေးရွာများကို မီးတင်ရှို့ခြင်း၊ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်း၊ ရွာသားများအား တွေ့လျှင်ပစ်ခတ်ခြင်း၊ ရွာသားများကို အဓမ္မပျောက်ဆုံးစေခြင်း၊ ပေါ်တာနှင့်လူသားဒိုင်းသဖွယ် အသုံးပြုခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ရပ်ရွာဒေသတစ်ခုလုံးကို အဓမ္မရွှေ့ပြောင်းခိုင်းစေခြင်းနှင့်အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ဆယ်စုနှစ်များစွာ ကျူးလွန်ခဲ့ကြသည်။ ဤသို့အကြမ်းဖက်လုပ်ရပ်များသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှု မြောက်ပါသည်။[4]

KNU နှင့်မြန်မာစစ်တပ်အကြား လက်မှတ်ရေးထိုးခဲ့သော ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့် နောက်ဆက်တွဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ဖြစ်ပေါ်လာပြီးနောက်ပိုင်း တစ်ချို့သောစစ်ပြေးရှောင်နှင့်နေရပ်စွန့်ခွာရသူများသည် ၎င်းတို့အိမ်သို့ပြန်လာနေထိုင်နိုင်ရန်အခွင့်အရေးရရှိခဲ့ သည်။ အပစ်အခတ်ရပ်စဲရေးကာလအတွင်း တစ်ဖက်တွင်လည်း မြန်မာစစ်တပ်သည် ကန့်သတ်နယ်မြေများတွင် စစ်အင်အားတိုးချဲ့လာသည့်အပေါ် ရွာသားများနှင့် မြန်မာစစ်တပ်မှ[5] စစ်သားများတို့အကြား တင်းမာမှုများ၊ အဆင်မပြေမှုများရှိခဲ့သည်။ ထို့အပြင် အပစ်အခတ်ရပ်စဲရေးကာလအတွင်း နယ်မြေခံစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြင်ပစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာပြည်အရှေ့တောင်ပိုင်းတစ်လျှောက်တွင် သဘာဝပတ်ဝန်းကျင်အရ အမြတ်ထုတ်၍ရသော အသေးစားနှင့်အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကို[6] စတင်အကောင်အထည်ဖော်ဆောင် ခဲ့သည်။ တစ်ချိန်တည်းတွင်လည်း မြန်မာနိုင်ငံဗဟိုအစိုးရမှ ရေးဆွဲပြဋ္ဌာန်းခဲ့သော မူဝါဒများသည် ကျေးလက်နေရွာသားများ၏အသေးစားမြေယာပိုင်ဆိုင်မှုများကို တရားဝင်သိမ်းယူနိုင်သည့်အခြေအနေကို တွန်းအားပို့စေခဲ့သည်။ မြန်မာစစ်တပ်၏စစ်သားများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိနယ်မြေအများစုတွင် နေထိုင်ကြသော ရွာသားများအားဆန့်ကျင်၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်ခေါင်းဆောင်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ထံမှ အာဏာသိမ်းလုယူပြီးနောက်ပိုင်းတွင် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားခဲ့သည်။ NLD အစိုးရသည် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး ပြည်သူရွေးကောက်ခံရသောအစိုးရဖြစ်သည်။ ထို့နောက် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အမျိုးသားရွေးကောက်ပွဲတွင်လည်း တောင်ပြို၊ကမ်းပြိုထပ်မံအနိုင်ရရှိခဲ့ပြန်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) အမိန့်အောက်တွင် ရှိသော မြန်မာစစ်တပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပေါ်နေသည့်တော်လှန်မှုများကို ပြန်လည်တုန့်ပြန်ရာတွင် အရပ်သားပြည်သူများအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။ အကျိုးဆက်အနေဖြင့် SAC သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခဲ့သည်။ ထိုအထဲတွင် ကျေးရွာများကို အကန့်အသတ်မရှိ ထပ်ခါတလဲလဲ မီးရှို့ဖျက်ဆီးခြင်း၊ အကျဉ်းချခံရသော တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း၊ ကလေးများအပါအဝင် အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်

3 The Burma military viewed territories as 'black', 'brown' or 'white' according to the extent of EAGs' activities in these areas. A black area denoted "an area controlled by insurgents but where the Tatmadaw operates", a brown area denoted "a Tatmadaw-controlled area where insurgents operate", while a white area denoted territory which has been "cleared" of EAG activity. See Maung Aung Myoe, "Neither Friend Nor Foe: Myanmar's Relations with Thailand since 1988," Institute of Defence and Strategic Studies, Nanyang Technological University, 2002, p. 71.

4 *See:* KHRG, *Undeniable: War crimes, crimes against humanity and 30 years of villagers' testimonies in rural Southeast Burma*, December 2022.

5 *See:* KHRG, *Dreaming of Home, Hoping for Peace: Protracted Displacement in Southeast Myanmar*, May 2019. *Also:* KPSN, "The Nightmare Returns Karen Peace Support Network April 2018 Karen hopes for peace and stability dashed by Burma Army's actions", April 2018.

6 *See:* KHRG, *'Development without us': Village Agency and Land Confiscations in Southeast Myanmar*, August 2018. *Also:* KHRG, *Development or Destruction? The human rights impacts of hydropower development on villagers in Southeast Myanmar*, July 2018.

ခြင်းနှင့် အရပ်သားပြည်သူများအား လူသားဒိုင်းသဖွယ် အသုံးပြုခြင်းစသည်တို့ ပါဝင်ပါသည်။[7]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် SAC သည် ရွာသားများနှင့် ၎င်းတို့ရပ်ရွာအဆောက်အဦးများကို ပစ်မှတ်ထား၍ လေကြောင်းဖြင့်တိုက်ခိုက်သည့်လုပ်ရပ်များ ပို၍လုပ်ဆောင်လာပြီး ဖြတ်လေးဖြတ်မဟာဗျူဟာကို ပြန်လည်အသက်သွင်းခဲ့သည်။[8] ဤသို့အချိန်ကာလတွင် (ဘုန်းကြီးကျောင်း၊ ဘုရားကျောင်း၊ စာသင်ကျောင်းနှင့် ဆေးခန်းများအစရှိသော) ရပ်ရွာအဆောက်အဦးများသည် ရွာသားများ၏လူမှုဘဝအတွက်အချက်အချာကျသောနေရာများဖြစ်ပြီး စစ်ပဋိပက္ခကြောင့် ထွက်ပြေးပုန်းရှောင်ရာတွင်လည်း ဤရပ်ရွာအဆောက်အဦးများသည် ၎င်းတို့အတွက် နားခိုရာ၊ ခိုလှုံရာနေရာများဖြစ်ကြသည်။[9] SAC အနေဖြင့် စစ်ပဋိပက္ခဒဏ်ကြောင့် ဆိုးဆိုးရွားရွားကြုံတွေ့ခံစားရသော ရွာသားများနှင့် အခြေခံကျသော ရပ်ရွာအဆောက်အဦးများကို အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။[10]

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း KHRGမှ ကောက်ယူခဲ့သောသတင်းမှတ်တမ်းများအရ SAC သည် ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းရှိကျေးရွာများကို လေကြောင်းတိုက်ခိုက်မှုအနည်းဆုံး (၂၀၃) ကြိမ်ပြုလုပ်ခဲ့ပြီး ရပ်ရွာအဆောက်အဦးများ အနည်းဆုံး (၈၉) လုံး ပျက်စီးသွားခဲ့သည်။[11] ထိုနည်းတူ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) မှ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းတစ်လျှောက်တွင် မြန်မာစစ်တပ်လုပ်ဆောင်သော လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် စာသင်ကျောင်း (၂၂) လုံး၊ ဆေးရုံဆေးခန်း (၂၁) လုံး၊ ဘုရား ကျောင်း (၂၃) ကျောင်းနှင့် ဘုန်းကြီးကျောင်း (၃၁) ကျောင်းပျက်စီးသွားခဲ့သည်။[12] ထို့အပြင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် SAC ၏အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဆေးရုံ၊ ဆေးခန်းများနှင့် စာသင်ကျောင်းများ ရာနှင့်ချီ၍ ပျက်စီးခဲ့ရကြောင်း အခြားအဖွဲ့အစည်းများကလည်း တင်ပြခဲ့သည်။[13] ဤအရေအတွက်များအားလုံး သည် လက်တွေ့မြေပြင်အခြေအနေတွင် ဖြစ်ပွားနေသည့်အရေအတွက်များထက် နည်းကောင်းနည်းလိမ့်မည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်ဖြစ်ပွားခဲ့သော စစ်ကိုင်းပြတ်ရွေ့ကြောလျှင်ဒဏ်ကြောင့် ဒေသတွင်း ပျက်စီးမှုများနှင့် SAC တစ်ဖက်သတ်ထုတ်ပြန်ခဲ့သော အရပ်အခတ်ရပ်စဲရေးကြေညာချက်များကြောင့် SAC အနေဖြင့် မြန်မာနိုင်ငံရှိ အရပ်သားများအပေါ် အဆက်မပြတ်တိုက်ခိုက်နေသည့် လုပ်ရပ်သည် ၂၀၂၅ ခုနှစ်တွင် လျော့နည်းလာသည်။[14] ဤအခြေအနေကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရပ်ရွာအဆောက်အဦးများနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာနေရာများအပေါ် SAC ၏အကြမ်းဖက်တိုက်ခိုက်မှုသည် ရပ်တန့်ခြင်းမရှိခဲ့သော်လည်း အနည်းငယ်လျော့နည်းလာသည်ဟုဆို၍ရသည်။

## ၃။ ဖြစ်စဉ်များအကျဉ်းချုပ် - SAC မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများကို တိုက်ခိုက်ခြင်းကြောင့် ရပ်ရွာအဆောက်အဦးများ ပြိုကျပျက်စီးခြင်း

၂၀၂၅ ခုနှစ်တွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရပ်ရွာအဆောက်အဦးများအပေါ် SAC ၏တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးခန်းများ မြောက်များစွာပျက်စီးခဲ့သည်။ SAC အသုံးပြုသည့် တိုက်ခိုက်မှုများသည် တိုက်ရိုက်တိုက်ခိုက်မှုနှင့်ရမ်းသမ်းတိုက်ခိုက်မှုနှစ်မျိုးစလုံးပါဝင်ပြီး ထိုအထဲတွင် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှု၊ ဒရုန်းတိုက်ခိုက်မှုနှင့် မီးရှို့တိုက်ခိုက်မှုများလည်း အကျုံးဝင်သည်။ SAC သည်

7 *See, for instance*: IIMM "Report of the Independent Investigative Mechanism for Myanmar", July 2024. *Also:* UN Special Rapporteur for Human Rights in Myanmar, "Situation of human rights in Myanmar," October 2024.

8 See KHRG, *ကဘီယူးဟဲလံ Aircraft coming! : Impacts of air strikes on local communities and villagers' protection strategies in Southeast Burma since the 2021 coup*, November 2024.

9 *See:* KHRG, *Emergency Lifeline : Challenges to the right to healthcare, and local efforts, in Southeast Burma (January - October 2024)* December 2024; KHRG *Schools Under Attack : Challenges to the right to education in Southeast Burma (June 2023-February 2024)*, July 2024.; KHRG, "Hpa-an District Short Update: SAC shelling injured villagers, drug issues and livelihood challenges in T'Nay Hsah and Luh Pleh Townships (March to November 2024)", May 2025.

10 KHRG "Statement of condemnation of mass killing in Let Htoke Taw village, Myinmu Township, Sagaing Region," May 2024.

11 KHRG, *ကဘီယူးဟဲလံ Aircraft coming!*, above.

12 KPSN "Regaining Control of Our Lands," November 28th 2024.

13 352 attacks on hospitals and clinics reported by Insecurity Insight in "Attacks on Health Care in Myanmar: 14-27 May 2025" (May 2025); and 174 attacks on schools from Feb 2021 to July 2024, reported in "Schools caught in the crossfire," Myanmar Witness, July 20th 2025.

14 Special Advisory Council for Myanmar (SAC-M), "Relentless Junta Onslaught Demands Immediate Justice," May 2025.

ဒေသတွင်းသတ်မှတ်ထားသောကရင်ပြည်နယ်ရှိ ရပ်ရွာအဆောက်အဦးများနှင့်အခမ်းအနားများကို တိုက်ခိုက်ခြင်းကြောင့် အရပ်သားသေဆုံး၊ ဒဏ်ရာရရှိမှုများရှိပြီး ရိုးရာ အမွေအနှစ်နေရာများကိုပျက်စီးစေ၍ လူမှုဘဝရှင်သန်မှုအတွက် လိုအပ်သောစွမ်းဆောင်ရည်များကိုလည်း ထိခိုက်စေပါသည်။ ဘာသာရေးကိုးကွယ်ယုံကြည်သူများသည် ဝတ်ပြုကိုးကွယ်ရာတွင် ကြောက်ရွံ့နေကြသည်။ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများလည်း စာသင်ကျောင်းသွားတက်ရန် ကြောက်ရွံ့နေကြသည်။ လူနာတွေလည်း ဆေးခန်းသို့သွား၍ ဆေးကုသမှုခံယူရာတွင် အခက်အခဲများဖြစ်စေသည်။ ရွာသားများလည်း ၎င်းတို့၏ရိုးရာယဉ်ကျေးမှုဆိုင်ရာပွဲတော်များကို ကျင်းပရာတွင် အဟန့်အတားများဖြစ်စေပါသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအတွင်း ကရင်ပြည်နယ်ရှိ ဒေသတွင်းသတ်မှတ်ထားသော ခရိုင် (၇) ခုလုံးတွင် ရပ်ရွာအဆောက်အဦးများတိုက်ခိုက်ခံရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ သက်သေအထောက်အထားများပါရှိသည့် အစီရင်ခံစာ (၅၅) စောင်ကို KHRG မှ လက်ခံရရှိခဲ့သည်။ ထိုအထဲတွင် SAC တိုက်ခိုက်မှု (၄၇) ကြိမ်ရှိ၍ ဘုန်းကြီးကျောင်းအဆောက်အဦးများ (၂၃) လုံး၊ ဘုရားကျောင်းတစ်ကျောင်း၊ စာသင်ကျောင်း (၈) ကျောင်းနှင့် ဆေးခန်း (၂) လုံးမှာ ပြန်လည်အသုံး၍မရနိုင်သည့်အထိ ပြိုကျပျက်စီးသွားပြီး ဘုန်းကြီးကျောင်း (၂၆) ကျောင်း၊ ဘုရားကျောင်း (၄) လုံး၊ စာသင်ကျောင်း (၁၆) ကျောင်းနှင့် ဆေးခန်း (၄) လုံးမှာ အနည်း၊အများသာ ပျက်စီးခဲ့သည်။ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း ရပ်ရွာအဆောက်အဦးများအပေါ် SAC ၏တိုက်ခိုက်မှုများထဲတွင် လေကြောင်းတိုက်ခိုက်မှုနှင့်ဒရုန်းတိုက်ခိုက်မှုအကြိမ် (၄၀) လောက်ရှိသည်။ SAC လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းတိုက်ခိုက်မှုတို့နှင့်အတူပေါင်းစပ်ပြီး လက်နက်ကြီးပစ်ခတ်မှုလုပ်ဆောင်ခဲ့သည့်အကြိမ်ရေသည် (၃) ကြိမ် လောက်ရှိသည်။ SAC မှ ရပ်ရွာအဆောက်အဦးများကို မီးရှို့ဖျက်ဆီးသည့်ဖြစ်စဉ်တစ်ခုလည်းပါဝင်သည်။ SAC မှ လက်နက်ကြီးပစ်ခတ်မှုကိုသာအသုံးပြု၍ ရပ်ရွာအဆောက်အဦးများနှင့် ရိုးရာအခမ်းအနားများအပေါ် တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် (၃) ခုကို မှတ်တမ်းပြုစုခဲ့သည်။

KHRG သတင်းမှတ်တမ်းများအရ ၂၀၂၅ ခုနှစ်အတွင်း SAC မှ ရပ်ရွာအဆောက်အဦးများအား တိုက်ခိုက်ခဲ့ခြင်းကြောင့် ထိုအဆောက်အဦးအထဲတွင်ဖြစ်စေ၊ အနီးတွင်ဖြစ်စေ ရှိနေကြသောရွာသားများ အနည်းဆုံး (၁၆) ဦး သေဆုံးခဲ့ပြီး (၇၀) ဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများထဲတွင် အမျိုးသမီး (၂) ဦးနှင့် ကလေးသူငယ် (၂) ဦးပါဝင်ပါသည်။ ဒဏ်ရာရရှိခဲ့သူများထဲတွင် အနည်းဆုံး အမျိုးသမီး (၃) ဦးနှင့် ကလေးသူငယ်များ (၇) ဦးပါဝင်သည်။ ဤသို့တိုက်ခိုက်မှုများကြောင့် ဘာသာရေးသက်ဝင်ယုံကြည်သူများ (၃) ဦးနှင့် ကျန်းမာရေးလုပ်သားတစ်ဦးလည်းသေဆုံးခဲ့ပြီး ဘာသာရေးသက်ဝင်ယုံကြည်သူများ (၆) ဦးဒဏ်ရာရရှိခဲ့သည်။

ဤဖြစ်စဉ်အကျဉ်းချုပ်တွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအတွင်း SAC မှ ရပ်ရွာအဆောက်အဦးများအား တိုက်ခိုက်ခြင်းနှင့် နောက်ဆက်တွဲဖြစ်လာသောဆိုးကျိုးသက်ရောက်မှုများနှင့်ပတ်သက်သော သက်သေအထောက်အထားများကို ရေးသားဖော်ပြထားသည်။ ပထမအပိုင်းတွင် SAC မှ ဘာသာရေးအဆောက်အဦးများနှင့် ရိုးရာအခမ်းအနားများအားတိုက်ခိုက်ခြင်းကြောင့် ရိုးရာအမွေအနှစ်များပျက်စီးခြင်း၊ ရိုးရာဓလေ့ထုံးတမ်းများ နောက်ယှက်ခံရခြင်း၊ ဘာသာရေးသက်ဝင်ယုံကြည်သူများသေဆုံး၊ ဒဏ်ရာရရှိခြင်း၊ ဘာသာရေးဆိုင်ရာဝတ်ပြုကိုးကွယ်ရာတွင် ကြောက်ရွံ့နေရခြင်းအစရှိသော ဆိုးကျိုးသက်ရောက်မှုများကို အခန်း (၃.၁) တွင် ဆွေးနွေးတင်ပြထားသည်။ ထို့အပြင် SAC မှ စာသင်ကျောင်းများအားတိုက်ခိုက်၍ပျက်စီးသွားသည့်အခြေအနေကို အခန်း (၃.၂) တွင် အထောက်အထားများနှင့်တကွ ခြုံငုံဖော်ပြထားသည်။ စာသင်ကျောင်းများအား တိုက်ခိုက်ခြင်းကြောင့် ကလေးများဒဏ်ရာရခြင်း၊ ကျောင်းသားများ ကျောင်းတက်ခွင့်မရခြင်းနှင့် ၎င်းတို့ပညာရေးအား ဆက်လက်ဆည်းပူးရာတွင် အဟန့်အတားများဖြစ်စေပါသည်။ တတိယအပိုင်းတွင် SAC မှ ဆေးဖက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများအားတိုက်ခိုက်ခြင်းကြောင့် ရွာသားများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်ခွင့်နှင့်ဆေးကုသခွင့်တို့ကိုရယူရာတွင် အခက်အခဲများကြုံတွေ့ရသောအခြေအနေကို အခန်း (၃.၃) တွင် ဖော်ပြထားသည်။ နောက်ဆုံးတွင် ရွာသားများမှ ၎င်းတို့ကျေးရွာအပြင်ဘက်တွင်အိပ်စက်၍ ကြုံတွေ့နိုင်သည့်အန္တရာယ်ကို ရှောင်ရှားခြင်း၊ တောထဲတွင် တဲအိမ်ထိုး၍ အမိုးအကာဖြင့် ဆောက်လုပ်ပြီး ကလေးများအတွက်ပညာသင်ကြားပေးခြင်းနှင့် လူနာများကို နီးစပ်ရာဆေးခန်းများသို့ ပို့ဆောင်ပေးခြင်းအစရှိသော ၎င်းတို့အသုံးပြုသောနည်းလမ်းဗျူဟာများကို ဆွေးနွေးဖော်ပြထားသည်။

## ၃.၁။ SAC မှ ဝတ်ပြုကိုးကွယ်သည့်နေရာများကို တိုက်ခိုက်ခြင်းကြောင့် ဖြစ်လာသောအကျိုးသက်ရောက်မှုများ

၂၀၂၅ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း SAC အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အနည်းဆုံး ဘုန်းကြီးကျောင်း (၂၃) ကျောင်းနှင့် ဘုရားကျောင်း (၁) ကျောင်း ပြိုကျပျက်စီး

သွားပြီး အခြားဘုန်းကြီးကျောင်း (၂၆) ကျောင်းနှင့် ဘုရားကျောင်း (၄) ကျောင်းမှာ အနည်း၊ အများ ပျက်စီးသွားခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း SAC မှ ဘာသာရေးဆိုင်ရာအဆောက်အဦးများကို တိုက်ခိုက်ခဲ့ခြင်းကြောင့် ဘာသာရေးခေါင်းဆောင်များ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည်။ မှတ်တမ်းများအရ ထိုသို့ဘာသာရေးအဆောက်ဦးများအားတိုက်ခိုက်ရာတွင် အနည်းဆုံး ဘာသာရေးသက်ဝင်ယုံကြည်သူများ (၃) ဦးသေဆုံးခဲ့ပြီး အခြား (၆) ဦးမှာ ဒဏ်ရာရရှိခဲ့သည်။ SAC သည် ဘာသာရေးဆိုင်ရာအဆောက်အဦးများအပေါ် လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းတိုက်ခိုက်မှု အနည်းဆုံး (၂၀) ကြိမ်ပြုလုပ်ခဲ့ပြီး ဘုန်းကြီးကျောင်းနှင့်ဘုရားကျောင်းများကို လက်နက်ကြီးပစ်ခတ်၍တိုက်ခိုက်သည့်အကြိမ် (၄) ကြိမ် ရှိခဲ့သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဘုန်းကြီးကျောင်းများနှင့် စေတီပုထိုးများသည် များသောအားဖြင့် သိသာမြင်သာသည့် တောင်ကုန်း၊ တောင်ထိပ်ပေါ်တွင် တည်ဆောက်ထားလေ့ရှိသည်။ ဘုရားကျောင်းများလည်း ဘာသာရေး ဆိုင်ရာအမှတ်အသားများပါရှိ၍ ၎င်းတို့၏တည်နေရာကို အလွတ်တကူသိရှိနိုင်သည်။ SAC သည် ထိုဘာသာရေး အဆောက်အဦးများကို ဘာကြောင့်တိုက်ခိုက်ခဲ့ကြောင်း ရွာသားများအနေဖြင့် နားမလည်နိုင်ဘဲရှိနေသည်။ ရွာသားများသည် SAC ၏လုပ်ရပ်များကို ရှုတ်ချခဲ့သည်။ SAC သည် ထိုဘာသာရေးအဆောက်အဦးများအား တိုက်ခိုက်ခြင်းကြောင့် ရွာသားများအနေဖြင့် ဘာသာရေးဆိုင်ရာဝတ်ပြုကိုးကွယ်ခွင့်နှင့် အခမ်းအနားများ ကျင်းပနိုင်ခွင့်မရှိတော့ဘဲ အကြောက်တရားများနှင့်နေထိုင်နေရကြောင်းလည်း တင်ပြခဲ့သည်။

## က။ ဘာသာရေးအထွဋ်အမြတ်ထားရာနေရာများ ဖျက်ဆီးခံရခြင်း

SAC မှ ဘာသာရေးဆိုင်ရာအဆောက်အဦးများအား တိုက်ခိုက်ခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ပျက်စီးသွားပြီး အရပ်သားများလည်း သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း တွေ့ရှိရသည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ နေ့လယ် (၁၂း၄၇) မိနစ်တွင် SAC ဂျက်လေယာဉ်များသည် ဒူးသထူ (သထုံ) ခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလဲ့ (မင်းစော) ကျေးရွာအုပ်စု၊ အဘ--- ကျေးရွာတွင် ပေါင် (၅၀၀) ဗုံးနှစ်လုံးပစ်ချခဲ့သည်။ ထိုဗုံးနှစ်လုံးသည် ဘုန်းကြီးကျောင်းဝင်းထဲတွင် ကျရောက်ပေါက်ကွဲ၍ အဓိကကျသောဘုန်းကြီးကျောင်း အဆောက်အဦး (၃) လုံးနှင့် အခြားအဆောက်အဦး (၃)လုံး ပျက်စီးသွားခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် ဆရာတော်နှစ်ပါးလည်း ဒဏ်ရာရရှိခဲ့သည်။ ပထမဆရာတော်တစ်ပါးသည် သူ၏ခြေဖနောင့်တွင် ဒဏ်ရာရရှိခဲ့ သည်။ ဒုတိယဆရာတော်တစ်ပါးသည် သူ၏ဝမ်းဗိုက်တွင် ဒဏ်ရာရရှိခဲ့သည်။ ဒေသခံကျန်းမာရေးလုပ်သား တစ်ဦးသည် ဘုန်းကြီးကျောင်းထဲတွင် ဒဏ်ရာရရှိသော ဆရာတော်နှစ်ပါးအား အရေးပေါ်ဆေးကုသမှုပေးခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် ကျေးရွာထဲရှိလူနေအိမ် (၅)လုံးအား ထိမှန်၍ အများအပြားပျက်စီး ဆုံးရှုံးမှုရှိခဲ့သည်။ ဗုံးအစများသည် အခြားလူနေအိမ် (၄၃)လုံးကိုထိမှန်၍ အိမ်ခေါင်မိုးနှင့်နံရံများ အနည်းငယ် ပျက်စီးခဲ့သည်။ ထို့အပြင် လယ်ယာစိုက်ပျိုးခြံများလည်း ထိမှန်ပျက်စီးခဲ့သည်။ SAC ဂျက်လေယာဉ်သည် အဘ--- ကျေးရွာတွင် မကြာခဏဗုံးလာကြဲလေ့ရှိသည်။ ထို့ကြောင့် ရွာသားများသည် တောတောင်၊ မြစ်






အထက်ပါဓာတ်ပုံနှစ်ပုံကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့၌ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလဲ့ကျေးရွာအုပ်စု၊ အဘ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် SAC ဂျက်လေယာဉ်တစ်စီးသည် အဘ--- ကျေးရွာဘုန်းကြီးကျောင်းဝင်းထဲတွင် ပေါင် (၅၀၀) ဗုံးနှစ်လုံး ပစ်ချ၍ ဆရာတော်နှစ်ပါးဒဏ်ရာရပြီး ဘုန်းကြီးကျောင်းအဆောက်အဦးများနှင့်လူနေအိမ်များလည်း ပျက်စီးခဲ့ရသည်။ ပုံတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ဘုန်းကြီးကျောင်းအဆောက်အဦးများ ပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

ချောင်းများသို့ ထွက်ပြေးပုန်းရှောင်ခဲ့သည်။[15]

အခြားဖြစ်စဉ်တစ်ခုလည်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။ SAC ဂျက်လေယာဉ်သည် ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ ဆောထိ မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ယစျ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် SAC ဂျက်လေယာဉ်တစ်စီးသည် ကျေးရွာထဲတွင်ဗုံးများကြဲ၍ လူနေအိမ်တော်တော်များများပျက်စီးသွားပြီး ဘုန်းကြီးကျောင်းလည်း အနည်းငယ်ပျက်စီးသွားခဲ့သည်။ နောက်တစ်နေ့တွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့၌ SAC ဂျက်လေယာဉ်တစ်စီးသည် ထိုကျေးရွာတွင် ဗုံးများထပ်မံပစ်ချခဲ့ပြီး ဘုန်းကြီးကျောင်းအဆောက်အဦးနှစ်လုံး၏ခေါင်မိုးများ၊ နံရံများနှင့်ကြမ်းပြင်များ ပျက်စီးသွားခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ခလယ်လွီထူခရိုင်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ယစျ--- ကျေးရွာတွင်နေထိုင်သော ဆရာတော်ဦးမ--- က ယခုလိုရှင်းပြသည်။ *"သူတို့က (SAC) လေယာဉ်တွေကိုအသုံးပြုပြီး အရာအားလုံးကို တိုက်ခိုက်တယ်၊ ဖျက်ဆီးတယ်၊ သူတို့က နှစ်ကြိမ်လာပြီးတိုက်ခိုက်တယ်၊ ဒုတိယတစ်ကြိမ်က ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှာဖြစ်ပွားခဲ့တယ်။ ပထမအကြိမ်မှာ ဘုန်းကြီးကျောင်းရဲ့ဘောဲဒါဆောင်တစ်လုံးပျက်စီးသွားတယ်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ မနက် (၁း၄၀) မိနစ်မှာ ဖြစ်သွားတဲ့အကြိမ်မှာတော့ ဘုန်းကြီးကျောင်းအဆောက်အဦးတော်တော်များများပျက်စီးသွားခဲ့တယ်။"* ဆရာတော်ဦးမ--- က ထပ်မံ၍ရှင်းပြခဲ့သည်မှာ

> *"ဘုန်းကြီးကျောင်းဝင်းထဲမှာ အဆောက်အဦး (၇)လုံးရှိတယ်။ အချို့အဆောက်အဦးက ပြန်လည်ပြုပြင်လို့ရတယ်။ အဲဒီအဆောက်အဦး (၇)လုံးက ပျက်စီးသွားတယ်လေ။ ဒီအခြေအနေကြောင့် ဆရာတော်တို့လည်း ဘာသာရေးအခမ်းအနားတွေ၊ ဝတ်ပြုကိုးကွယ်မှုတွေ ဆက်လုပ်လို့မရတော့ဘူး။ ဆရာတော်အရမ်းဝမ်းနည်းမိတယ်။ ဘုန်းကြီးကျောင်းကို ပြန်လည်တည်ဆောက်နိုင်ဖို့အမြဲတမ်းဆုတောင်းတယ်။"*[16]

## ခ။ ဘာသာရေးဆိုင်ရာအခမ်းအနားများနှင့်ဝတ်ပြုကိုးကွယ်မှုများအား နှောက်ယှက်ခြင်း

SAC မှ ဘာသာရေးအဆောက်အဦးများအား တိုက်ခိုက်ခြင်းသည် ဘာသာရေးသက်ဝင်ယုံကြည်သူများနှင့် ရွာသားများ၏လုံခြုံရေးကို ခြိမ်းခြောက်စေပါသည်။ ထို့အပြင် ဤသို့လုပ်ရပ်ကြောင့် ရွာသားများအနေဖြင့် ဘာသာရေးအခမ်းအနားများအားကျင်းပရာတွင် အဟန့်အတား၊ စိန်ခေါ်မှုများဖြစ်စေပါသည်။ SAC အသုံးပြုသော တိုက်ခိုက်မှုပုံစံများကိုကြည့်၍ SAC မှ ဘာသာရေးအဆောက်အဦးများကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း ရွာသားတော်တော်များများက ယုံကြည်ကြသည်။ ဥပမာဖြစ်စဉ်တစ်ခုမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ ဆောထိ (ရွှေကျင်) မြို့နယ်၊ အင်းဝိုင်းကျေးရွာအုပ်စု၊ စျယ--- ကျေးရွာတွင် အခြေစိုက်သော SAC ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀) သည် ဒရုန်းတစ်စီးကို လွှတ်တင်၍ အင်းဝိုင်းကျေးရွာအုပ်စု၊ ယဟ--- ကျေးရွာရှိ ဘုန်းကြီးကျောင်းပေါ်တွင် ဗုံးတစ်လုံးပစ်ချခဲ့သည်။ ဤဒရုန်းတိုက်ခိုက်မှုကြောင့် ဘုန်းကြီးကျောင်းပျက်စီးသွားပြီး အသက် (၅၀)နှစ်ရှိသော ဆရာတော် ဃ--- ကိုလည်းထိမှန်၍ ပျံလွန်တော်မူခဲ့သည်။ ဗုံးအစသည် အသက် (၄၆) နှစ်ရှိသော ဆရာတော်စောဟ--- ၏ဘယ်ဖက်ပေါင်တွင်ထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် SAC စစ်သားများသည် တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ပဆောလိုကျေးရွာအုပ်စု၊ ပဘ--- ကျေးရွာအတွင်းသို့ဝင်ရောက်လာပြီး လူနေအိမ် (၄) လုံးနှင့် ခရစ်ယာန်မယ်သီလရှင်များအသုံးပြုသော ဘာသာရေးအဆောက်အဦး (၅) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထိုဘာသာရေး အဆောက်အဦးများထဲတွင် မယ်သီလရှင်များ နေထိုင်သော အဆောင် (၄) လုံးနှင့် စပါးကျီတစ်လုံးပါဝင်ပါသည်။ မီးရှို့ခံရသည့် မယ်သီလရှင်များနေထိုင်သော အဆောင် (၄) လုံးနှင့် စပါးကျီတစ်လုံးသည် ခရစ်ယာန်ဘုရားကျောင်းဝင်းထဲတွင် တည်ရှိသည်။ ပျက်စီးသွားသည့်အဆောက်အဦးများသည် ဘာသာရေးအမှတ်အသားရှိ၍ ဘာသာရေးသာသနာမြေထဲတွင်တည်ရှိသည်။ အကြောင်းမှာ ထိုအဆောက်အဦးများအပေါ်တွင် လက်ဝါးကပ်တိုင်ကြီးများရှိပြီး ဘာသာရေးသာသနာမြေထဲတွင် မယ်တော်မာရီ၏ ရုပ်ထုကြီးလည်း တည်ဆောက်ထားသည်။ ပဘ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ စော

[15] KHRG, "Doo Tha Htoo District Short Update: SAC air strikes and shelling, causing casualties, damages and displacement; and forced labour, in Bilin Township (September 2024 to February 2025).", June 2025.

[16] Unpublished report from Kler Lwee Htoo District, received in January 2025. (#25-39-D1)

ဒ--- က KHRG အား ဤသို့ရှင်းပြသည်။ *"သူတို့က (SAC) လူနေအိမ်နဲ့ဘာသာရေးအဆောက်အဦးတွေကို ဘာဖြစ်လို့ မီးရှို့ဖျက်ဆီးရလဲဆိုတာ ကျွန်တော်လည်းသေချာမသိဘူး။ ကျွန်တော့်အမြင်မှာ သူတို့က နယ်မြေရှင်းလင်းရေးလုပ်ရင်း ဒီအဆောက်အဦးတွေကို မီးရှို့ဖျက်ဆီးပစ်တာထင်တယ်။ အဲဒီချိန်မှာ တိုက်ပွဲလည်းမဖြစ်ဘူး။ သူတို့က အိမ်တွေကို မီးရှို့တဲ့အချိန်မှာ လမ်းတွေကိုပိတ်လိုက်တယ်။"*[17]

အခင်းဖြစ်ပွားသည့်နေ့တွင် ပဘ--- ကျေးရွာထဲမှာ ရွာသားတစ်ဦးမှ ရှိမနေခဲ့ပါ။ အခင်းမဖြစ်ပွားမီ လွန်ခဲ့သည့် (၃) နှစ်ကျော်တွင် ရွာသားများသည် ၎င်းတို့ရွာမှထွက်ပြေးပုန်းရှောင်ခဲ့ပြီးဖြစ်သည်။ တစ်ချို့ရွာသားများသည် ၎င်းတို့စိုက်ပျိုးခြံထဲရှိတဲအိမ်များသို့ ပုန်းရှောင်ခဲ့သည်။ တစ်ချို့ရွာသားများသည် ၎င်းတို့ဆွေမျိုးများရှိရာမြို့ထဲသို့ ပုန်းရှောင်ခဲ့သည်။ တစ်ချို့ရွာသားများသည် တောထဲသို့ ပုန်းရှောင်ခဲ့သည်။ ခရစ်ယာန်မယ်သီလရှင်များသည် ယခင်က ခရစ်ယာန်အဆောင်ထဲတွင်နေထိုင်ခဲ့သည်။ SAC မှ ထိုအဆောင်များကို မီးရှို့ဖျက်ဆီးပြီးနောက် မယ်သီလရှင်များအတွက် ၎င်းတို့ဘာသာရေးသာသနာနယ်မြေသို့ပြန်သွားပြီး ဘာသာရေးဆိုင်ရာအခမ်းအနာများကျင်းပရန် အခက်အခဲများရှိနေသည်။ အကြောင်းမှာ ၎င်းတို့တွင် နေထိုင်စရာနေရာမရှိတော့သောကြောင့်ဖြစ်သည်။ စပါးကျီတစ်လုံး မီးရှို့ဖျက်ဆီးခံရခြင်းကြောင့် ခရစ်ယာန်မယ်သီလရှင်များအတွက် စားဝတ်နေရေးအခက်အခဲဖြစ်စေပါသည်။

## ဂ။ ရိုးရာယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများကိုတိုက်ခိုက်ခြင်းကြောင့်လူများသေဆုံးပြီး ကြောက်ရွံ့မှု ဖြစ်ပေါ်ခြင်း

SAC မှ ကျေးရွာများအတွင်း ကျင်းပပြုလုပ်သောရိုးရာယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများကိုလည်း တိုက်ခိုက်လေ့ရှိသောကြောင့် ရွာသားများအနေဖြင့် အမိုးအကာမရှိသည့်နေရာများတွင် အခမ်းအနားများကိုကျင်းပရန်ကြောက်ရွံ့နေရကြောင်း ဒေသခံများကတင်ပြခဲ့သည်။ ၂၀၂၅ ခုနှစ်အစောပိုင်းတွင် SAC အနေဖြင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများကို တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များနှင့်ပတ်သက်သောအစီရင်ခံစာ (၃) စောင်ကို KHRG မှ လက်ခံရရှိခဲ့သည်။ ထိုဖြစ်စဉ်များတွင် SAC ဂျက်လေယာဉ်များသည် ကျေးရွာဒေသအတွင်း ကရင်လူမျိုးများ၏နေ့ထူးနေ့မြတ်ရက်များဖြစ်သော ကရင်နှစ်သစ်ကူးနေ့ သို့မဟုတ် ကရင်လက်ချည်ပွဲနေ့ကို ရွာသားများကျင်းပသောနေရာများတွင် ဗုံးကြဲတိုက်ခိုက်သည့်အကြောင်းအရာများပါဝင်သည်။ ဤသို့တိုက်ခိုက်မှုများကြောင့် ရွာသားများအကြားတွင် အကြောက်တရားများဖြစ်ပေါ်စေပြီး အနာဂတ်တွင် ရိုးရာအခမ်းအနားများကို ကျင်းပနိုင်ရန်အတွက် သေချာရေရာမှုများမရှိတော့ပေ။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ မနက် (၁၁း၃၀) မိနစ်တွင် SAC သည် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ဖောကလိုးဒေသ၊ ယပ--- ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုသည် ကျေးရွာတွင်းရွာသားများစုဝေး၍ အခမ်းအနားများကျင်းပသောနေရာတွင်ဖြစ်ပွားခဲ့သည်။ ထိုနေရာတွင် ရွာသားများမှ ကရင်နှစ်သစ်ကူးပွဲတော်ကိုကျင်းပပြီးနောက် ရက်အနည်းငယ်အကြာတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် ရွာသားနှစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသောရွာသားနှစ်ဦးကို စစ်ဖက်ဆိုင်ရာဆေးခန်းသို့ ပို့ဆောင်ခဲ့ပြီးနောက် ထိုမှတစ်ဆင့် ထိုင်းနိုင်ငံရှိ ဆေးရုံတစ်လုံးသို့ ပြန်လည်လွှဲပြောင်းခဲ့သည်။ ထို့အပြင် လူနေအိမ်တစ်လုံး၊ ဆိုင်ကယ်တစ်စီးနှင့် စိုက်ပျိုးပင်အများအပြားလည်း ပျက်စီးသွားခဲ့သည်။ SAC သည် ဒေသအတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည့်အ တွက်ကြောင့် တစ်ချို့ရွာသားများသည် အလွန်ကြောက်ရွံ့၍ နောက်လာမည့်နှစ်တွင် ကရင်နှစ်သစ်ကူးပွဲတော် ကို စီစဉ်ကျင်းပနိုင်ရန် သေချာမှုမရှိတော့ပေ။[18]

အခြားဖြစ်စဉ်တစ်ခုမှာ ၂၀၂၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့ မနက် (၉) နာရီတွင် SAC ဂျက်လေယာဉ်တစ်စီးသည် ခလယ်လှိုထူခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ပယ--- ကျေးရွာတွင် မင်္ဂလာဆောင်ပွဲကျင်းပသည့်နေရာတွင် ပေါင် (၁၀၀) ဗုံးလေးလုံးပစ်ချခဲ့သည်။ ထိုသို့ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် မင်္ဂလာဆောင်အခမ်းအနားတွင် တက်ရောက်ကြသောရွာသားများ (၁၀) ဦး သေဆုံးသွားပြီး အနည်းဆုံး (၄၉) ဦး ဒဏ် ရာရရှိခဲ့သည်။ သေဆုံးသွားသူထဲတွင် ကလေးနှစ်ဦးနှင့်သတို့သမီးတစ်ဦး ပါဝင်သည်။ ထို့အပြင် လူနေအိမ် (၆) လုံးလည်း ပျက်စီးသွားခဲ့သည်။ အဆိုပါမင်္ဂလာဆောင်အခမ်းအနားကို ပယ--- ကျေးရွာရှိ ကွင်းပြင်တစ်နေရာတွင် ကျင်းပခဲ့သည်။ ဤဖြစ်စဉ်ကိုမြင်တွေ့ခဲ့သော ကျေးရွာဘဏ္ဍာရေးမှူးတစ်ဦးဖြစ်သူ စောပ--- က KHRG အား ယခုလိုပြောပြသည်။ *"တကယ်တော့ကျွန်တော်က ဒီမင်္ဂလာဆောင်ပွဲကိုလာပြီး ဂုဏ်ပြုတယ်။ (အခင်းဖြစ်တဲ့အချိန်မှာ) ကျွန်တော်လည်း မင်္ဂလာဆောင်အခမ်းအနားရဲ့စင်ပေါ်မှာ ရှိနေတယ်။ ကျွန်တော်က (မင်္ဂလာဆောင်ပွဲကိုတက်ရောက်လာသည့်) မိန်းကလေး*

[17] Unpublished report from Taw Oo District, received in April 2025. (#25-135-A1-I1)

[18] KHRG, "Mergui-Tavoy District Incident Report: SAC air strike injured two villagers and caused destruction to villagers' houses and community buildings, January 2025.", June 2025.

*တစ်ဦးအနားမှာရှိနေတယ်။ အဲဒီမိန်းကလေးလည်း သူ့ရဲ့ခြေထောက်မှာဒဏ်ရာရသွားတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ဒဏ်ရာမရဘူး။ အဲဒီမိန်းကလေးက ကျွန်တော့်ကိုလာပြီး အကူအညီတောင်းတယ်။ သူမကိုကူညီလိုက်တယ်။ ကျွန်တော်ဟိုဘက်ခြမ်းကိုလှည့်ပြီးကြည့်လိုက်တော့ 'ပါးဒို့…ကယ်ကြပါ၊ ကယ်ကြပါ' အော်ခေါ်နေတဲ့လူတွေအများကြီးပဲ။ ဒါနဲ့ ကျွန်တော်လည်း လေယာဉ်က နောက်တစ်ခါလာနိုင်တယ်၊ ပြီးတော့ကယ်မဲ့သူလည်းမရှိဘူး၊ အဲဒါကြောင့်တစ်ယောက်ယောက်ကိုသွားခေါ်ပြီး လာကူညီခိုင်းမယ်လို့ပြန်ပြောလိုက်တယ်။ ကျွန်တော်အကူအညီသွားခေါ်မယ့်အချိန်မှာ အူတွေထွက်ကျလာပြီး ဒဏ်ရာရနေတဲ့လူတွေကိုတွေ့တယ်။ နေရာတိုင်းမှာ သေနေတဲ့လူတွေရော၊ ဒဏ်ရာရနေတဲ့လူတွေရော အများကြီးပဲ။ ကျွန်တော်လည်းထွက်လာပြီး အကူအညီသွားတောင်းခဲ့တယ်။ သတို့သားနဲ့သတို့သမီးက (KNU) အဖွဲ့အစည်းထဲကအဖွဲ့ဝင်တွေလား ကျွန်တော်မသိဘူး။ သူတို့ဘာကြောင့်လာပြီးဗုံးကြဲသွားလဲဆိုတာ ကျွန်တော်လည်းမသိဘူး။ တစ်ခါတစ်လေ ညှော်သည်အများကြီး ကျွန်တော်ဆီလာတယ်။ အဲဒီအတွက်ကျွန်တော့်ကိုပဲ ပစ်မှတ်ထားတိုက်ခိုက်ရလားဆိုတာလည်း ကျွန်တော်မသိဘူး။ ကျွန်တော်ကြားတာကတော့ သတို့သမီးရဲ့အဖေက KNU အဖွဲ့ဝင်တစ်ဦးတဲ့။ ဒါပေမဲ့ သူက KNU နဲ့အလုပ်တွဲ လုပ်လား၊ မလုပ်ဘူးလားသေချာမသိဘူး။"*[19]
လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများသည် အလွန်စိုးရိမ်ကြောက်ရွံ့ခဲ့ကြသည်။

## ၃.၂။ SAC မှ စာသင်ကျောင်းများကို တိုက်ခိုက်မှုကြောင့် အဆောက်အဦးများပျက်စီးခြင်း၊ ကြောက်ရွံ့မှုများဖြစ်ပွားခြင်းနှင့် ကျောင်းသူ၊ ကျောင်းသားများလည်း စာသင်ကြားရန်အခက်အခဲများကြုံတွေ့ရခြင်း

SAC သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စာသင်ကျောင်းများကို ရည်ရွယ်ချက်ရှိရှိပစ်မှတ်ထားတိုက်ခိုက်ခြင်း ကြောင့် ကလေးများအတွက်ပညာသင်ကြားရာတွင် အခက်အခဲ၊ အတားအဆီးများဖြစ်စေပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအတွင်း SAC သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စာသင်ကျောင်းများကို တိုက်ခိုက်ခဲ့သောဖြစ်စဉ်နှင့် ပတ်သက်၍ KHRG မှ အစီရင်ခံစာ (၁၆) စောင်လက်ခံရရှိခဲ့သည်။ ထိုအထဲတွင် SAC ဒရုန်းတိုက်ခိုက်မှုနှင့်လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံးစာသင်ကျောင်း (၈) လုံးထိခိုက်ပျက်စီးမှုအများအပြားရှိခဲ့သည်။ တစ်ခြားစာသင်ကျောင်း (၁၈)လုံးမှာ အနည်းငယ်ပျက်စီးခဲ့သည်။ ထိုသို့ SAC တိုက်ခိုက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူသုံးဦးနှင့် ကျောင်းဆရာတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ သတင်းမှတ်တမ်းပြုစုသည့်ကာလအတွင်း SAC တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော စာသင်ကျောင်းအများစုမှာ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) စီမံခန့်ခွဲသောကျောင်းများ ဖြစ်ကြသည်။

SAC သည် စာသင်ကျောင်းများကို လေကြောင်းဖြင့် တိုက်ခိုက်ခြင်းမပြုမီ ဒရုန်းများလွှတ်တင်၍ ပစ်မှတ်ဧရိယာ အတွင်း ဝေဟင်ကင်းထောက်လှမ်းမှုများပြုလုပ်လေ့ရှိသည်။ ကရင်ပြည်နယ်ရှိစာသင်ကျောင်းအများစုသည် အရွယ်အစားကြီးပြီး ကျောင်းခေါင်မိုးလည်း တောက်ပသောအရောင်ရှိ၍ ကျောင်းဝင်းတွေလည်း ဘောလုံးကွင်းတည်ရှိနေသောကြောင့် ဝေဟင်မှတစ်ဆင့်ကြည့်လျှင် လွယ်ကူစွာသိရှိနိုင်သည်။ ထို့ကြောင့် စာသင်ကျောင်းများအားမတိုက်ခိုက်မီ ဝေဟင်မှမကြာခဏကင်းထောက်လှမ်းခြင်းသည် ရပ်ရွာအဆောက်အဦးများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားကြောင်းဆိုလို၍ရသည်။ ထိုကဲ့သို့သော တိုက်ခိုက်မှုများသည် စာသင်ကျောင်းများကိုပျက်စီးစေပြီး ကျောင်းသားကျောင်းသူများ၊ ကျောင်းဆရာ၊ ဆရာများနှင့်မိဘပြည်သူများအား စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ နာကျင်မှုများဖြစ်ပွားစေသည်။ ဤလုပ်ရပ်များကြောင့်ရွာသားများသည် စာသင်ကျောင်းများထပ်မံ၍တိုက်ခိုက်လာမည်ကိုစိုးရိမ်ကြောက်ရွံ့သည့်အတွက် ကျောင်းများကို ပိတ်သိမ်းရသည့်အခြေအနေသို့ တွန်းပို့စေသည်။ ကျောင်းသားမိဘများနှင့် ကျောင်းဆရာ၊ ဆရာမများကလည်း လုံခြုံရေးကို စိုးရိမ်ကြောက်ရွံ့ရသည့်အတွက် ကလေးများအားစာသင်ကြားပေးမှုစီမံဆောင်ရွက်ရာတွင် အဟန့်အတားများဖြစ်စေသည်။

### က။ စာသင်ကျောင်းများတိုက်ခိုက်၍ပျက်စီးသွားသောကြောင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်၍မရခြင်း

SAC သည် စာသင်ကျောင်းအဆောက်အဦးများကို တိုက်ခိုက် ပျက်စီးသွားသောကြောင့် စာသင်ကြားမှုရပ်တန့်ခဲ့ရသည်။ ဖြစ်စဉ်တစ်ခုတွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ မနက် (၁) နာရီဝန်းကျင်တွင် SAC သည် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ယောကဒေါ်ကျေးရွာအုပ်စု၊ ဃလ--- ကျေးရွာတွင် ပေါင် (၅၀၀) ဗုံးနှစ်လုံးပစ်ချခဲ့သည်။ ဗုံးတစ်လုံးသည် ဃလ--- ကျေးရွာအတွင်းရှိ (KECD စီမံခန့်ခွဲသော) စာသင်ကျောင်းအနားတွင် ကျရောက်ပေါက်ကွဲ၍ ကျောင်းအဆောက်အဦး

[19] Unpublished report from Kler Lwee Htoo District, received in May 2025. (#25-181-P1)

နှစ်လုံး၏ခေါင်မိုးနှင့်သစ်တိုင်များ ပျက်စီးခဲ့ရသည်။ အခြား ဗုံးတစ်လုံးသည် ကျေးရွာအပြင်ဖက်တွင်ကျရောက်ပေါက်ကွဲခဲ့ပြီး ပျက်စီးမှုများမရှိခဲ့ပေ။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ကျောင်းဆရာမတစ်ဦးဖြစ်သူ ဃလ--- ကျေးရွာမှ နော်စ--- က ယခုလိုရှင်းပြသည်။ *“သူတို့က ကျောင်းကိုသတိထားမိတာကြာပြီးထင်တယ်။ သူတို့လေယာဉ်က ကျေးရွာအပေါ်မှာ တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ်ဖြစ်ဖြစ် ခဏခဏလာဝဲခဲ့တယ်။ (…) လေယာဉ်အမျိုးအစားကိုတော့ မသိဘူး။ နေ့အချိန်မှာဆိုရင် သူတို့ကလာပြီးကင်းထောက်ကြတယ်။ အဲဒီအသံက ‘တူး’ ဆိုပြီးအသံကြားရတယ်။ (ဒရုန်း၏ပျံသန်းသည့်အသံကို ဆိုလို ခြင်းဖြစ်သည်။) … ဒီလိုလေယာဉ်အမျိုးအစားက အရင်က (ကျေးရွာမှာ) တစ်ခါမှ ဗုံးမကြဲဖူးဘူး။”* [20] ဃလ--- ကျေးရွာမှ ကျောင်းအုပ်ကြီးဖြစ်သူ နော်ဂ--- လည်း ယခုလိုတင်ပြသည်။

“

*“(SAC က ဘာကြောင့်ကျောင်းကိုလာပြီးတိုက်ခိုက်ရလဲဆိုတာ) ကျွန်မလည်းသေချာမသိဘူး။ ကျွန်မကြားရတာတော့ သူတို့က (SAC) ကော်သူးလေကျောင်း တွေကို အမြစ်ဖြုတ်ဖို့အစီအစဉ်ရှိတယ်ထင်တယ်။ အဲဒါကြောင့် သူတို့က ကျောင်းတွေကို ဗုံးကြဲပြီး ဖျက်ဆီးတာလေ။”* [21]

လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းဆရာ၊ ဆရာမများသည် အလွန်ကြောက်ရွံ့ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့သည် တောထဲသို့သွား၍ စာသင်ကြားမှုပြုလုပ်ခဲ့ရသည်။ တော ထဲတွင် စာသင်ကြားရာတွင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစာကို အာရုံစူးစိုက်ပြီး လေ့လာ၍မရပါ။ အကြောင်းမှာ ထိုနေရာတွင် ကောင်းမွန်သောအမိုးအကာများမရှိခြင်း၊ စာသင်ကြားရန် အဆင်ပြေသည့် သီးသန့် နေရာများမရှိခြင်း အပြင် ခြင်ကောင်များ မကြာခဏကိုက်လေ့ရှိသောကြောင့် ဖြစ်သည်။

အခြားဖြစ်စဉ်တစ်ခုတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ညနေ (၄း၃၀) မိနစ်ခန့်တွင် SAC သည် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ တဟ--- ကျေးရွာရှိ (KECD စီမံခန့်ခွဲသော) မူလတန်း ကျောင်းကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည့်အတွက်ကြောင့် ကျောင်းအဆောက်အဦးတစ်လုံးနှင့် အနီးနားရှိဆေးပေးခန်းတစ်လုံးလည်း ထိမှန်ပျက်စီးခဲ့သည်။ ဤဆေးပေးခန်းသည် ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန (KDHW) မှ စီမံခန့်ခွဲသောဆေးခန်းဖြစ်သည်။ ဤလေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမီ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ မနက် (၁၁) နာရီခွဲဝန်းကျင်တွင် SAC သည် ထိုဒေသအတွင်းသို့ လေယာဉ်ဖြင့်ပေါင် (၅၀၀) ဗုံးနှစ်လုံးပစ်ချခဲ့သည်။ ပထမဗုံးတစ်လုံးသည် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ မတ--- ကျေးရွာအပြင်ဖက်ရှိ ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDF) တပ်စခန်းထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ဒုတိယဗုံးတစ်လုံးသည် မတ--- ကျေးရွာတွင်းရှိ ဘုန်းကြီးကျောင်းအဝတွင် ကျရောက်ပေါက်ကွဲ၍ ဘုရားစေတီ၊ လူသွားလမ်း၊ ဘုရားဆင်းတုတော်နှင့် ဘုန်းကြီးကျောင်းအ ဆောက်အဦးများ ပျက်စီးသွားခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု မဖြစ်ပွားမီတွင် SAC Y-12 လေယာဉ်တစ်စီးသည် ထိုဒေသအတွင်း ရက်အတော်ကြာလာရောက်ပျံသန်း၍ ဝေဟင်ကင်းထောက်လှမ်းမှု ပြုလုပ်ခဲ့ကြောင်း မတ--- ကျေးရွာသားများက KHRG အား တင်ပြ၍ သိရှိရသည်။[22]

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ မနက်ပိုင်း (၂) နာရီနှင့် (၃) နာရီခွဲအကြားတွင် SAC သည် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ရွှေလောင်းအေးကျေးရွာအုပ်စုနှင့် အစုချောကျေးရွာအုပ်စုတို့တွင် လေကြောင်းတိုက်ခိုက်မှု (၆) ကြိမ်ပြုလုပ်ခဲ့သည်။ ဗုံးတစ်လုံးသည် KECD စီမံခန့်ခွဲသော ဘစ--- စာသင်ကျောင်းအဝတွင် ကျရောက်ပေါက်ကွဲ၍ ကျောင်းဆရာဘော်ဒါဆောင်နှင့် ကျောင်းအဆောက်အဦးတစ်လုံး ထိမှန်ပျက်စီးသွားခဲ့သည်။ ဗုံးသုံးသည် ရွှေလောင်းအေးကျေးရွာအုပ်စု၊ နအ--- ကျေးရွာတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ အချောစုကျေးရွာအုပ်စု၊ ဘစ--- ကျေးရွာတွင် ဗုံးခုနှစ်လုံးကျရောက်ပေါက်ကွဲခဲ့သည်။[23] လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော စာသင်ကျောင်းအဆောက်အဦးများကို ပြန်လည်အသုံးပြု၍မရတော့ပေ။

## ခ။ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းဝန်ထမ်းများ ထိခိုက်ဒဏ်ရာရခြင်း

SAC သည် စာသင်ကျောင်းရှိရာနေရာများကို တိုက်ခိုက်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းဆရာ၊ ဆရာမများ ဒဏ်ရာရရှိမှုလည်း ရှိခဲ့သည်။ ဖြစ်စဉ်တစ်ခုတွင် ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့ ညနေပိုင်းတွင် SAC ဂျက်လေယာဉ်တစ်စီးသည် ဒူးပလာယာခရိုင်၊ ကော်

20 Unpublished report from Dooplaya District, received in January 2025. (#25-35-A2-I1)
21 Unpublished report from Dooplaya District, received in January 2025. (#25-35-A3-I1)
22 Unpublished report from Doo Tha Htoo District, received in February 2025. (#25-63-D2)
23 Unpublished report from Doo Tha Htoo District, received in February 2025. (#25-48-D1)

တရီ (ကော့ကရိတ်) မြို့နယ်၊ သေ့ဘောဘိုးကျေးရွာအုပ်စု၊ ကတ--- ကျေးရွာတွင် ဗုံးများကြဲချခဲ့သည်။ ဗုံးတစ်လုံးသည် ကျေးရွာတွင်းရှိ ကျောင်းဘော်ဒါဆောင်တစ်လုံးပေါ်တွင် ကျရောက်ပေါက်ကွဲ၍ ကျောင်းသားသုံးဦးအား ထိမှန်၍ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသောကျောင်းသားများမှာ စောဇ--- (၁၄ နှစ်)၊ စောဓ--- (၁၅ နှစ်) နှင့် စောလ--- (၁၆ နှစ်) တို့ဖြစ်ကြသည်။ အခင်းဖြစ်ပွားပြီးနောက် ဒေသခံ KNLA အာဏာပိုင်များက ဒဏ်ရာရရှိသောကျောင်းသားများကို သေ့ဘောဘိုးကျေးရွာအုပ်စု၊ ပက--- ကျေးရွာရှိ ဆေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူခဲ့သည်။ ကတ--- ကျေးရွာစာသင်ကျောင်းမှ ဒုကျောင်းအုပ်ဖြစ်သူ စောန--- က ယခုလိုပြောပြသည်။

> *"သူတို့က ကျွန်တော့်ကျောင်းသားတွေလေ။ သူတို့ဒဏ်ရာရသွားတော့ ကျွန်တော်အရမ်းဝမ်းနည်းတယ်။ (...) သူတို့ဒဏ်ရာရပြီးနောက် (လနှင့်ချီပြီး) ကျောင်းမလာနိုင်ကြဘူး။"*[24]

အခြားဖြစ်စဉ်တစ်ခုတွင် ၂၀၂၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့ မနက် (၁၁) နာရီခွဲဝန်းကျင်တွင် SAC ဂျက်လေယာဉ်တစ်စီးသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကလေလိုမူထော်ကျေးရွာအုပ်စုရှိ တပ--- အထက်တန်းကျောင်းဝင်းထဲတွင် ပေါင် (၅၀၀) ဗုံးနှစ်လုံးပစ်ချခဲ့သည်။ အခင်းဖြစ်ပွားသည့်အချိန်သည် တနင်္ဂနွေနေ့ကျောင်းပိတ်ရက်ဖြစ်သည်။ ဤစာသင်ကျောင်းသည် KECD စီမံခန့်ခွဲသောကျောင်းဖြစ်သည်။ ဗုံးနှစ်လုံးပစ်ချသော်လည်း ဗုံးတစ်လုံးသာပေါက်ကွဲခဲ့သည်။ တပ--- အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်သူ စောက--- သည် ဗုံးအစထိမှန်၍ သူ၏ပုခုံးတွင် ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ရွာသားအိမ်နှစ်လုံး၊ အချို့သစ်ပင်များနှင့် အိမ်သာတစ်လုံးလည်း ပျက်စီးသွားခဲ့သည်။ အခင်းဖြစ်ပွားသည့်အချိန်တွင် စာသင်ကျောင်းဝင်းထဲတွင် ကျောင်းသား၊ ကျောင်းသူများ၊ ကျန်းမာရေးလုပ်သားများနှင့် ကျောင်းဆရာ၊ ဆရာများအပါအဝင် လူဦးရေ (၂၀) ခန့်ရှိနေခဲ့သည်။ အခင်းဖြစ်ပွားသည့်အချိန်တွင် ၎င်းတို့သည် နီးစပ်ရာချောင်းထဲသို့ပြေး၍ ပုန်းရှောင်ခဲ့သည်။ ထိုနေ့တွင် ဒဏ်ရာရရှိသည့်ကျောင်းအုပ်ကြီးသည် ဆေးကုသမှုအားရယူခဲ့သည်။ ဤဖြစ်ရပ်ကြောင့် ကျောင်းသား၊ ကျောင်းသူများအားလုံး အလွန်ကြောက်ရွံ့ခဲ့ရသည်။[25]

## ၈။ ကျောင်းပျက်စီးမှုနှင့် ကြောက်ရွံ့မှုများကြောင့် စာသင်ကြားရာတွင် အခက်အခဲများကြုံတွေ့ရခြင်း

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့နှင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ KHRG အနေဖြင့် ဒူးသထူခရိုင်တစ်ခုထဲ တွင် စာသင်ကျောင်းများတိုက်ခိုက်ခံရသည့်ဖြစ်စဉ်အများအပြားကို မှတ်တမ်းပြုစုနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါ ရီလ ၁၆ ရက်နေ့ ညနေ (၄း၄၀) မိနစ်တွင် SAC အသေခံဒရုန်းတစ်စီးသည် ဘီးလင်းမြို့နယ်၊ ခေါ်ဖိုးပလဲ့ကျေးရွာ အုပ်စု၊ အဘ--- ကျေးရွာအနီးတွင်ရှိသော (KECD စီမံခန့်ခွဲသည့်) စာသင်ကျောင်းပေါ်သို့ထိုးကျ၍ ပေါက်ကွဲသွားခဲ့သည်။ ပေါက်ကွဲမှုကြောင့် ကျောင်းအဆောက်အဦးတစ်ခုလုံးပျက်စီးသွားခဲ့သည်။ အခင်းဖြစ်ပွားပြီး (၂) မိနစ်ကြာပြီးနောက် အခြားဒရုန်းတစ်စီးသည် ကျောင်းအနီးနားရှိကျေးရွာနားတစ်နေရာတွင် ဗုံးတစ်လုံးပစ်ချခဲ့သည်။ ကျေးရွာတွင် အခြေအနေပြန်လည်ကောင်းမွန်လာပါက စာသင်ကျောင်းကိုပြန်လည်ဖွင့်လှစ်ရန်အစီအစဉ်ရှိကြောင်း ရွာသားများက တင်ပြခဲ့သည်။ သို့သော်လည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအထိတွင် ကျောင်းကိုပိတ်ထားနေရဆဲဖြစ်သည်။ ကျောင်းပျက်စီးမှုကြောင့် ကလေးများ၏ကျောင်းပညာရေး နှောင့်နှေးကြန့်ကြာရကြောင်းလည်း အဘ--- ကျေးရွာမှ ရွာသားများက တင်ပြခဲ့သည်။[26]

အဘ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ အသက် (၃၆) နှစ်အရွယ်ရှိသော စောအ--- က ယခုလိုရှင်းပြသည်။ *"၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ ညနေပိုင်း (၄း၄၀) မိနစ်မှာ ဒရုန်းနှစ်စီးလာတယ်။ တစ်စီးက ကျောင်းကိုလာတိုက်ခိုက်တယ်။ အခြားတစ်စီးက ကျောင်းအပြင်ဖက်ရှိ အခြားနေရာကို သွားတိုက်ခိုက်ခဲ့တယ်။ ဒရုန်းတိုက်ခိုက်မှု ကြောင့် ကျောင်းပစ္စည်းတစ်ချို့ပျက်စီးခဲ့ရတယ်။ အဲဒီချိန်မှာ ကျောင်းသားတွေလည်း သူတို့အိမ်ကိုပြန်သွားကြပြီး။ ဒရုန်းတိုက်ခိုက်တဲ့အချိန်မှာ သူတို့ကကျောင်းမှာမရှိခဲ့ဘူး။ ကျောင်းအတိုက်ခိုက်ခံရတာ နှစ်ခါရှိသွားပြီး။ ပထမအခါက လေကြောင်းတိုက်ခိုက်မှုဖြစ်တယ်။ ဒုတိယအခါက ဒရုန်းတိုက်ခိုက်မှုဖြစ်တယ်။ (၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှာဖြစ်ပွားသည့်) ပထမလေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းကို ရက် (၂၀) ကြာ ပိတ်ခဲ့ရတယ်။ ရက် (၂) ကြာပြီးနောက် ကျောင်းကိုပြန်ဖွင့်လို့ရပြီးလို့ ဒေသခံ (KNU) ခေါင်းဆောင်နဲ့ ကျေးရွာလူကြီးတွေကပြောခဲ့တယ်။ အဲဒါနဲ့ ကျောင်းကိုပြန်ဖွင့်ခဲ့တယ်။ ဒါပေမဲ့ (ကရင်) နှစ်သစ်ကူးမယ့်အချိန်မှာ လေယာဉ်တွေက နောက်တစ်ကြိမ်လာပြီး*

24 Unpublished report from Dooplaya District, received in June 2025. (#25-248-A5-I1).

25 Unpublished report from Taw Oo District, received in June 2025. (#25-225-A2-I1 and #25-177-D1)

26 Unpublished report from Doo Tha Htoo District, received in February 2025. (#25-44-D1)

*တိုက်ခိုက်ဖို့ရှိလာနိုင်တယ်လို့ ရွာသားတွေကပြောတယ်။ အဲဒါကြောင့် ကျောင်းကိုနောက်တစ်ခါ (၁၀) ရက်ကြာပိတ်ခဲ့ရတယ်။ အဲဒါပြီးတော့ ကျေးရွာအုပ်ချုပ်ရေးနဲ့ကျောင်းဆရာတွေက ကျောင်းကိုပြန်ဖွင့်ဖို့အဆင်မပြေကြောင်း ရှင်းပြတယ်။ ကျောင်းသားတွေက ကျောင်းကိုသုံးရက်၊ လေးရက်လောက်ပဲ တက်ခဲ့ရတယ်။ ပြီးတော့ ကျောင်းကို နောက်တစ်ခါ ဒရုန်းနဲ့လာတိုက်ခိုက်သွားတယ်။ အဲဒါကြောင့်လည်း ကျောင်းကိုပိတ်ခဲ့ရတာပဲ။”*[27]

ဆက်လက်ဖြစ်ပွားနေသော SAC ၏တိုက်ခိုက်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျောင်းသား ကျောင်းသူများ၏ပညာရေးလက်လှမ်းမီနိုင်ခွင့်ကို ဆိုးရွားစွာထိခိုက်စေပါသည်။ မကြာခဏ ဖြစ်ပွားလျှက်ရှိသော လေကြောင်းတိုက်ခိုက်မှုများသည်လည်း ကြောက်ရွံ့မှုနှင့် မသေချာရေရာမှုများကို ဖြစ်ပေါ်စေကာ ကျောင်းအများ အပြားကိုလည်း ပိတ်သိမ်းမှု ဖြစ်စေပါသည်။ ကျောင်းဆရာ၊ဆရာများအနေဖြင့် စာသင်ကြားရန် ကြောက်ရွံ့ နေကြသလို ကျောင်းသူကျောင်းများအနေဖြင့်လည်း ကျောင်းတက်ရန် ကြောက်ရွံ့နေကြရပါသည်။ ထို့အပြင် မိဘများသည်လည်း ၎င်းတို့ကလေးများ၏လုံခြုံရေးအတွက် အလွန်စိုးရိမ်နေရကာ ကလေးများအား ကျောင်းသို့ မပို့ဆောင်လိုကြသဖြင့် ကျောင်းအများအပြားကိုပိတ်သိမ်းရန် တွန်းပို့စေပါသည်။

ဧပြီလ ၂၃ ရက်နေ့၊ ၂၀၂၅ ခုနှစ်၊ ည ၈ နာရီ အချိန်တွင် SAC မှ ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ ဝင်းကကျေးရွာအုပ်စုရှိ ခအေ---ကျေးရွာတွင် ဗုံးသုံးလုံး ကြဲချခဲ့ပါသည်။ ဗုံးသီးနှစ်လုံးတွင် ကျောင်းဆရာ၊ ဆရာမများနေထိုင်ရာအဆောင်အနီးရှိ ကျောင်းဝင်းအတွင်းသို့ ကျရောက်ခဲ့ပါသည်။ ဗုံးသီးတစ်လုံး ပေါက်ကွဲသော်လည်း တစ်လုံးမှာ ပေါက်ကွဲခြင်းမရှိဘဲ ကျောင်းဝင်းအတွင်းတွင် ကျန်ရှိနေခဲ့ပါသည်။ ဗုံးသီးပေါက်ကွဲမှုကြောင့် ကျောင်းအား ထိခိုက်ပျက်စီးခဲ့သလို ကျောင်းဆရာ၊ ဆရာမများ၏အဆောင်၊ ကျောင်းအိမ်သာနှင့် ရေတိုင်ကီအပြင် အခြားကျောင်းအဆောက်အဦးနှစ်လုံးပါထိခိုက်ပျက်စီးစေပါသည်။ ခအေ--- ကျောင်းသည် SAC အုပ်ချုပ်မှုအောက်တွင် ရှိပါသည်။

SAC မှ လေကြောင်းတိုက်မှုလုပ်ဆောင်စဉ်တွင် အဆောက်အဦးသုံးလုံးဖြစ်သည့် ကျောင်းဝင်းအတွင်း၌ ရှိသော ကျောင်းဆရာ၊ဆရာမအဆောင်၊ ကျေးရွာအတွင်းတွင်ရှိသော KNU ၏ရုံးနှင့် ကျောင်းအနားတွင်ရှိသော ခအေ--- ဆေးရုံ စသည်တို့အား ပစ်မှတ်နေသည်ဟု ယူဆကြောင်း ခအေ--- ကျေးရွာမှ ရွာသားများက KHRG ထံသို့ ပြောပြခဲ့သည်။ ရွှေ့ပြောင်းနေထိုင်သည့် ရွာသားတစ်စုသည်လည်း အဆိုပါ ကျောင်းဝင်းသို့ လာရောက်နေထိုင်ပြီး SAC မှ ၎င်းတို့အား တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များနှင့်ဆက်စပ်မှုရှိသည်ဟု မှားယွင်းစွာထင်မြင်ခဲ့သည်ဟု ရွာသားများက ယုံကြည်ပါသည်။ ထို့နည်းအတူ ကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်များကို အဆိုပါဆေးရုံတွင် ကုသမှုပေးသည်ဟု SAC မှ ယူဆကြောင်း ရွာသူရွာသားများကယုံကြည်နေပါသည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ကြောက်ရွံ့မှုများပျံ့နှံ့နေပါသည်။

> *“ကျနော်တို့ကလေးတွေကို ကျောင်းမပို့ရဲဘူး။ လုံခြုံမှုလည်းမရှိဘူး။ သူတို့ကို စာသင်စေချင်ပေမယ့် သူတို့ရဲ့ဘဝတွေကို အန္တရာယ်အောက်မရောက်စေချင်ဘူး။”*

ဟု ခအေ---ရွာမှ မိဘများကဆိုပါသည်။ ခအေ---ရွာမှ ကျေးရွာအုပ်စုမှူး *[လုံခြုံရေးအရရာထူးချန်လှပ်ထား]* မှလည်း *“ဒီနှစ်အတွင်းမှာတော့ ကျောင်းပြန်ဖွင့်ဖို့ စိတ်မချရသေးဘူး။ ကျနော်တို့ကျောင်းလည်း ထိခိုက်ပျက်စီးခဲ့သလို ကျောင်းဝင်းအတွင်းမှာရှိတဲ့အဆောက်အဦးလည်း ပျက်စီးခဲ့တယ်။ ပြန်ပြင်ဖို့လည်းရန်ပုံငွေမရှိဘူး။ ကျေးရွာမှာရှိတဲ့ ကလေးတွေရဲ့ပညာရေးအတွက် ဘယ်လိုစီမံဆောင်ရွက်ပေးရမလဲဆိုတာကိုတော့ စဉ်းစားနေတုန်းဘဲ။ ကျောင်းသူကျောင်းသားတွေကို တစ်ခြားရွာကရွာသူရွာသားများရဲ့ အိမ်မှာဘဲ စာသင်ခိုင်းရလိမ့်မယ်။ အဲ့လိုမျိုးမှမလုပ်ဘူးဆိုရင်လည်း ကျနော်တို့ကလေးတွေ ပညာရေးနောက်ကျကျန်ခဲ့လိမ့်မယ်။ အဖွဲ့အစည်းတစ်ခုခု ဒါမှမဟုတ် တစ်စုံတစ်ယောက်က ကျောင်းပြန်ပြင်ဖို့ ရန်ပုံငွေပေးရင်တော့ ကျနော်တို့အတွက် အများကြီးအကျိုးရှိမယ်။ သူတို့ (စကစ) က ကျနော်တို့ ကလေးတွေရဲ့ အနာဂတ်ကို ပိတ်ပင်ထားချင်ပုံရတယ်””*[28] ဟု တင်ပြပါသည်။

### ၃.၃။ ဆေးပေးခန်းများအပေါ် တိုက်ခိုက်မှုကြောင့် ဆေးဝါးကုသမှုလက်လှမ်းမီနိုင်ခွင့်အား အဟန့်အတား ဖြစ်စေခြင်း

SAC မှ ဆေးရုံဆေးပေးခန်းများအပေါ် လုပ်ဆောင်သော တိုက်ခိုက်မှုများသည် ရွာသူရွာသားများအတွက် ဆေးဝါးကုသမှု လက်လှမ်းမီနိုင်ခွင့်အပေါ် စိန်ခေါ်မှုများဆက်လက်

27 Unpublished report from Doo Tha Htoo District, received in February 2025. (#25-44-A1-I1)
28 Unpublished report from Dooplaya District, received in May 2025. (#25-150-D1)







ဤဓာတ်ပုံများကို KHRG ၏ ကွင်းဆင်းလုပ်သားမှ ၂၀၂၅ ခုနှစ်၊ မေလအတွင်း ဒူးပလာယာခရိုင်၊ ကရူတူး(ကျုံဒိုး) မြို့နယ်၊ ဝင်းကကျေးရွာအုပ်စု၊ ဓအေ--- ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ဘယ်ဘက်မှပုံသည် ပျက်စီးနေသည့် ဓအေ---ကျောင်းဖြစ်ပြီး ညာဘက်ရှိပုံသည် ကျောင်းဆရာ၊ဆရာမ များ၏အဆောင်ဖြစ်ပါသည်။ အဆောက်ဦးနှစ်ခုစလုံးသည် ဧပြီလ ၂၃ရက်နေ့၊ ၂၀၂၅ ခုနှစ်တွင် SAC မှ ကျေးရွာအတွင်းတွင် ပြုလုပ်သော လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားခြင်းဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

ဖြစ်ပေါ်စေပါသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဖွန်လအထိ ဆေးပေးခန်းများအပေါ် လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများ ခံနေရပါသည်။ SAC ၏လေကြောင်း သို့မဟုတ် ဒရုန်းဖြင့်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ကျန်းမာရေးအဆောက်အဦး နှစ်လုံးလုံးဝထိခိုက်ပျက်စီးခဲ့ပြီး အခြားအဆောက်အဦးလေးလုံးလည်း ပျက်စီးသွားကြောင်း ရွာသူရွာသားများမှ KHRG ထံသို့ တင်ပြခဲ့ပါသည်။

SAC ၏တိုက်ခိုက်မှုများကြောင့် ဆေးရုံနှင့် ဆေးပေးခန်းတည်ရှိသောကျေးရွာများတွင် ဒေသခံရွာသားများက မနေထိုင်ရဲကြပေ။ ဤတိုက်ခိုက်မှုများသည် ရွာသားများအတွက် အရေးကြီးသောကျန်းမာရေးလက်လှမ်းမီနိုင်စွမ်းအား တိုက်ရိုက်ထိခိုက်စေပါသည်။ ရွာသားများ အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီနိုင်စွမ်းမရှိသောကြောင့် ဝန်ဆောင်မှုရနိုင်သောဆေးရုံဆေးပေးခန်းများထံသို့ရောက်ရှိရန် ဝေးကွာစွာသွားရောက်ရပြီး ထိုသို့ သွားလာနေရခြင်းအပေါ် ၎င်းတို့၏ အသက်အန္တရာယ်အတွက်လည်း ဆိုးရွားစွာ ရှိစေပါသည်။[29]

## က။ ဆေးရုံ၊ ဆေးပေးခန်းများထိခိုက်ပျက်စီးခြင်း

ဖြစ်စဥ်တစ်ခုတွင် မေလ ၄ ရက်နေ့၊ ၂၀၂၅ ခုနှစ်၊ ဒူးသထူ(သထုံ) ခရိုင်၊ ဘားအံမြို့နယ်၊ ဟတရဲကျေးရွာအုပ်စုရှိ ဟဖ--- ကျေးရွာမှ ဆေးရုံတစ်လုံးသည် SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ပါသည်။ ဟဖ--- ဆေးရုံအပေါ်သို့ SAC ၏လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရွာသားများသည် ကျန်းမာဝန်ဆောင်မှု လက်လှမ်းမီနိုင်စွမ်းမရှိတော့ပေ။ ဤဆေးရုံသည် ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေး ဌာန (KDHW) ၏စီမံအုပ်ချုပ်မှုအောက်တွင် ရှိပါသည်။ ဟဖ--- ကျေးရွာမှ စောတ---က ရှင်းပြသည်မှာ " *SAC ကနေပြီးတော့ ဟဖ--- ကျေးရွာအပေါ်ကို ညသန်းခေါင်ယံအချိန်မှာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့တယ်။ ဗုံးသီးက ဆေးရုံအပေါ်ကိုကျခဲ့တဲ့အတွက်ကြောင့် ဆေးရုံထိခိုက်သွားခဲ့တယ်။ တကယ်တော့ ထိခိုက်ရုံတင်မဟုတ်ဘူး။ ဗုံးပေါက်ကွဲမှုကြောင့် ဆေးရုံတစ်ခုလုံးလုံးဝကိုပျက်စီးသွားခဲ့တာ"*[30] ဟူ၍ဖြစ်ပါသည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားနိုင်ချေရှိကြောင်း ဒေသခံ KNU အာဏာပိုင်များ၏ကြိုတင်သတိပေးမှုကြောင့် ရွာသူရွာသားများနှင့် ကျန်းမာရေးလုပ်သားများသည် ဖြစ်စဥ်မဖြစ်ပွားခင်ကတည်းက ယာယီထွက်ပြေးခဲ့ကြပါသည်။ ထို့ကြောင့် မည်သူမှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိခဲ့ပါ။

ဆေးပေးခန်းများအပေါ် ထပ်ခါတလဲလဲတိုက်ခိုက်မှုများပြုလုပ်ခြင်းကြောင့် မကြာခဏဆိုသလို ဆေးပေးခန်းများပိတ်ရခြင်း၊ ဝန်ထမ်းမရှိခြင်း သို့မဟုတ် ပုန်းကွယ်နေရခြင်းများ ဖြစ်ပေါ်စေပါသည်။ ရလဒ်အနေဖြင့် ရွာသားများသည် ကျန်းမာရေးဝန်ဆောင်မှုရယူရန်အတွက် ဝေးကွာစွာသွားလာနေရပါသည်။ ကုသမှုနှောက်နှေးခြင်းသည်လည်း ကျန်းမာရေးအခြေနေကိုဆိုးရွားစေပြီး လုံခြုံမှုအပြည့်အဝရှိသည်ဟု မခံစားရသဖြင့် ကျန်းမာရေးဝန်ဆောင်မှုရယူခြင်းအပေါ် ယုံကြည်မှုလျှော့ပါးစေပါသသည်။[31] ရွာသူရွာသားများသည် ကျန်းမာရေးဝန်ဆောင်မှုရယူရန်အတွက် မကြာခဏဆိုသလို တိုက်ပွဲဖြစ်ပွားရာဒေသများ၊ ရေကြီးရေလျှံမှုရှိသည့်လမ်းများနှင့် စစ်မက်စစ်ဒဏ်ဆိုးရွားစွာသင့်သည့်နေရာများစသည်တို့ကိုကျော်ဖြတ်ပြီးမှ သွားလာနေရပါသည်။ ဤအခြေအနေများသည် ၎င်းတို့အား အန္တရာယ်အောက်သို့ တွန်းပို့ပြီးသားဖြစ်စေကာ အရေးအပေါ်ကျန်းမာရေးဝန်ဆောင်မှုရယူနိုင်စွမ်းကိုလည်း နှောက်နှေး

[29] *See also:* KHRG, *Emergency Lifeline,* above.
[30] Unpublished report from Doo Tha Htoo District, received in June 2025. (#25-240-P1)
[31] Unpublished report from Kler Lwee Htoo District, received in March 2025. (#25-263-S1)

စေပါသည်။

ဘိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ စတိန်ကျေးရွာအုပ်စုရှိ လခ--- ကျေးရွာမှ စောစ--- က ဤသို့ရှင်းပြခဲ့ပါသည်။

> *"ဒါက ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုဘဲ။ ရွာထဲမှာဆိုရင်လည်း (ဧပြီလ၊ ၂၀၂၅ ခုနှစ် မှ စပြီး) ဆေးဝါးကုသမှုလုံးဝမရရှိနိုင်တော့ဘူး။ [ကျန်းမာရေးဝန်ဆောင်မှုရယူရန်] ဆေးပေးခန်းကိုသွားဖို့ လူတွေကအဝေးကြီးသွားလာနေရတယ်။ မိုးတွင်းမှာဆိုရင်လည်း လမ်းတွေမှာရေကြီးပြီး ဘွက်ထူတယ်။ စစ်ဆေးရေးဂိတ်လည်းအများကြီးရှိပြီး ဖြတ်သန်းသွားလာနေတဲ့လူတွေကိုလည်း လမ်းတစ်လျှောက်မှာစစ်ဆေးမေးမြန်းခံနေရတယ်။"*[32]

## ခ။ ကျန်းမာရေးဝန်ဆောင်မှုရှိသည့်နေရာများတွင် ဆေးဝါးကုသမှုရယူရန် ကြောက်ရွံ့နေရခြင်း

SAC မှဆေးပေးခန်းများအပေါ်ပစ်မှတ်ထားခြင်းသည် ကျန်းမာရေးလုပ်သားများအား ကြောက်ရွံ့မှုကိုဖြစ်စေပြီး ရလဒ်အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းကို ရပ်နားရခြင်း သို့မဟုတ် ကျန်းမာရေးဝန်ဆောင်မှုတစ်ခုလုံးကို လုံးဝပိတ်သိမ်းရခြင်းများ ဖြစ်ပေါ်စေပါသည်။ ထို့နည်းအတူ ရွာသားအများအပြားသည် SAC ၏ တိုက်ခိုက်မှုကြားတွင် ဖမ်းဆီးခံရမှုအန္တရာယ်အား ကြောက်ရွံ့နေရမှုများကြောင့် ကျန်းမာရေးဝန်ဆောင်မှုရယူရန် ငြင်းပယ်ကြပါသည်။

ဥပမာ ဖြစ်ရပ်တစ်ခုတွင် ခလယ်လွီထူခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ သူးကဘီး ကျေးရွာအုပ်စုရှိ တန--- ကျေးရွာသည် ၂၀၂၅ ခုနှစ် မတိုင်ခင်တွင် SAC ၏ တိုက်ခိုက်မှုတစ်ကြိမ်မှမရှိခဲ့ပါ။ သို့သော် မတ်လ ၁ ရက်နေ့၊ ၂၀၂၅ ခုနှစ်တွင် KDHW ၏ ထောက်ပံ့မှုဖြင့် ဆေးခန်းတည်ဆောက်ပြီးသည်နှင့် SAC မှ လေကြောင်းဖြင့် ကျေးရွာအပေါ်သို့ ဗုံးသုံးလုံးကြဲချခဲ့ပါသည်။ ဗုံးသီးနှစ်လုံးမှာ ရွာအတွင်းတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး အိမ် ၆ လုံးကိုလည်း ထိခိုက်ပျက်စီးစေခဲ့ပါသည်။ ကျန်ဗုံးသီးတစ်လုံးမှာ လယ်ကွင်းထဲတွင်ကျရောက်ပေါက်ကွဲခဲ့ပြီး လယ်ထဲတွင်နွားကျောင်းနေသည့် နော်သ--- အမည်ရှိ ရွာသူတစ်ဦး၏ပေါင်အား ထိခိုက်













ဤဓာတ်ပုံများကို KHRG မှ ၂၀၂၅ ခုနှစ်၊ မေလ ဒူသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတရဲကျေးရွာအုပ်စုရှိ ဟဖ--- ကျေးရွာတွင်ရိုက်ကူးခဲ့ပါသည်။ ဤဓာတ်ပုံများသည် ၂၀၂၅ ခုနှစ်၊ မေလ ၄ ရက်နေ့ ဟဖ--- ကျေးရွာတွင် SAC မှ တိုက်လေယာဉ်ဖြင့် ညသန်းခေါင်ယံအချိန်တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီးနောက် ပျက်စီးသွားခဲ့သော (KDHW ၏ စီမံအုပ်ချုပ်မှုအောက်) ဟဖ---ဆေးရုံ၏ပုံများ ဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

[32] Unpublished information from Mergui-Tavoy District, received in March 2025. (#25-88-I1)

ဒဏ်ရာရရှိစေခဲ့ပါသည်။ ထို့အပြင် နွားနှစ်ကောင်လည်း ထိခိုက်ဒဏ်ရာရရှိစေပါသည်။ ရွာသူရွာသားများမှ KHRG အား PDF စစ်သားများက ဆေးခန်းတွင် ဆေးကုသမှုရယူခဲ့သောကြောင့် လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ရခြင်းဖြစ်နိုင်ကြောင်း ပြောပြခဲ့သည်။ နော်သ--- မှလည်း KHRG သို့ ပြောပြသည်မှာ *"ကျမအမြင်မှာတော့ သူတို့ [SAC] က ကျမတို့ကျေးရွာထဲမှာ ဆေးခန်းတည်ရှိတဲ့ သတင်းအချက်အလက်တွေရလို့ လေကြောင်းတိုက်ခိုက်မှုလုပ်တာဖြစ်တယ်။ အရင်တုန်းက လက်နက်ကြီး [ကျေးရွာအနား] တစ်ခါမှမကျဖူးဘူး။ [ဆေးခန်းမတည်ဆောက်ခင်] ဒီမတိုင်ခင် ဆေးခန်းက ယဃ--- ကျေးရွာ [သူးကဘီး ကျေးရွာအုပ်စုအတွင်း] မှာ တည်ရှိတာလေ။ ဒါကြောင့် ဒရုန်းနဲ့ တိုက်ခိုက်မှုတွေက ယဃ--- ကျေးရွာမှာဘဲ ဖြစ်ခဲ့တာပေါ့။ အဲ့ဒီနောက်ပိုင်း ဆေးခန်းကို တန--- ရွာမှာ ပြန်တည်ဆောက်လိုက်တယ်။ ဆေးခန်းကို တန---ရွာမှာ ပြန်ရွှေ့ပြီး တစ်လကျော်အကြာမှာဘဲ ရွာသားတွေက ကြောက်နေကြတယ်။ ကျမတို့ ရွာသားတွေက ဆေးခန်းကိုအဲ့ဒီမှာပြန်ရွှေ့လာခဲ့တယ်ဆိုတဲ့အကြောင်းကြားမိလားဆိုပြီး အချင်းချင်းမေးမြန်းကြတယ်။ မြန်မာစစ်တပ်က ညဘက်မှာလာတိုက်ပြီး ထိခိုက်ဒဏ်ရာရရှိတဲ့ စစ်သား [တော်လှန်ရေးတပ်ဖွဲ့] တွေကို ကျမတို့ ဆေးခန်းမှာ လာရောက်ကုသမှုခံယူပြီး အဲ့ဒီအတွက် [SAC] က ကျမတို့ကိုလာတိုက်မှာကို ကြောက်နေကြရတယ်။ "* ဟူ၍ ဖြစ်ပါသည်။[33]

SAC မှ ဆေးပေးခန်းများကို ပစ်ခတ်ထားတိုက်ခိုက်မှုများပြုလုပ်ပြီးနောက်ပိုင်း ရွာသားများသည်လည်း ဆေးပေးခန်းအနီးတွင် နေထိုင်ခြင်းသည် ပစ်မှတ်ထားခြင်းခံရမည်ကို စိုးရိမ်နေကြရပါသည်။ ရလဒ်အနေဖြင့် မကြာခဏဆိုသလို ဆေးဝါးကုသမှုခံယူရန် ဆေးပေးခန်းများထံသို့ သွားရောက်ခြင်းအား အချိန်ဆွဲခြင်း၊ ရှောင်ကျဥ်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်းများပြုလုပ်လာကြပါသည်။ ဤသို့ တိုက်ခိုက်မှုများသည် ကျန်းမာရေး လပ်သားများကိုလည်း ပြောင်းရွှေ့နေထိုင်ခြင်း သို့မဟုတ် ပုန်းကွယ်ပြီး လည်ပတ်နေရခြင်း သို့မဟုတ် ကျေးလက်ရှိ ေးပေးခန်းများတွင် ဝန်ထမ်းမထားရှိခြင်းများ ဖြစ်ပေါ်စေပါသည်။

## ၃.၄။ လူမှုအသိုက်အဝန်းအား SAC ၏တိုက်ခိုက်မှုအပေါ် ရွာသားများ၏ခုခံတုန့်ပြန်မှုများ

ပြည်သူပိုင်အခြေခံအဆောက်အဦးများအား SAC မှ ထပ်ခါတလဲလဲတိုက်ခိုက်မှုအပေါ် ရှင်သန်ရပ်တည်နိုင်ရေးအတွက် ရွာသားများ၏ခုခံတုန့်ပြန်မှုသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိနေပါသည်။ လူမှုအသိုက်အဝန်းအတွက် အရေးပါသော အခြေခံအဆောက်အဦးများတွင် ဆက်လက်ခိုလှုံနေထိုင်ရန်အတွက် အရေးကြီးသည့်ကူညီထောက်ပံ့မှုများရရှိရန် ရွာသားများသည် ၎င်းတို့၏ကိုယ်ပိုင်ဆက်သွယ်မှုကွန်ယက်၊ ဦးဆောင်မှုနှင့် တီထွင်ကြံဆမှုများဖြင့် မှီခိုနေကြရပါသည်။ ၎င်းတို့အနေဖြင့် ဤကဲ့သို့အခြေခံအဆောက်အဦးများအား ရွှေ့ပြောင်းနေထိုင်ခြင်း၊ ပုန်းခိုနေထိုင်ခြင်းနှင့် ရွှေ့ပြောင်းဆေးပေးခန်းများအသုံးပြုခြင်းစသည့်အတွေ့အကြုံသင်ခန်းစာများမှ လက်လှမ်းမှီနိုင်ခြင်းကို ထိန်းသိမ်းနေရပါသည်။ ထို့အပြင် ရွာသားများသည် ၎င်းတို့၏ရိုးရာယဥ်ကျေးမှုဆိုင်ရာအခမ်းအနားအချို့ကို ဆက်လက်ကျင်းပနိုင်ရန် အဖွဲ့ငယ်လေးများစုဖွဲ့ပြီး လုပ်ဆောင်နေရပါသည်။

### က။ တိုက်ခိုက်မှုမှထိခိုက်ဒဏ်ရာရရှိခြင်းအားရှောင်ကျဥ်ရန် ယာယီရွှေ့ပြောင်းနေထိုင်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများတွင် SAC ၏ မကြာခဏ တိုက်ခိုက်ခံရမှုများကြောင့် ရွာသားများသည် ရွာအပြင်တွင်သာ အိပ်ကြရသည်။ ညဘက်အချိန်တွင် လေကြောင်း သို့မဟုတ် လက်နက်ကြီးများဖြင့်တိုက်ခိုက်ခံရမှုမှစိုးရိမ်ပူပန်ရခြင်းမရှိရန်အတွက် ရံဖန်ရံခါတွင် ၎င်းတို့၏လယ်တဲ၌သာ အိပ်စက်ကြပါသည်။ ရွာသား များသည် အိမ်မှယာယီထွက်ပြေးတိမ်းရှောင်ခြင်းများကို ညဘက်အချိန်တွင်သာပြုခြင်းဖြင့် နေ့ဘက်အချိန်တွင် ၎င်းတို့အတွက် အရေးကြီးသောအိမ်မွေးတိရိစ္ဆာန်များနှင့် ပိုင်ဆိုင်မှုများအား ပြန်လည် ထိမ်းကျောင်းကြည့်ရှုခွင့် ရရှိစေပါသည်။ ထို့နည်းအတူ ကျေးရွာတိုက်ခိုက်ခံရမည့်အခြေအနေများရှိနိုင်သည်ဟု စိုးရိမ်ရသည့်အချိန်တွင်သာလျှင် ၎င်းတို့လူမှုအသိုက်ဝန်း၏ အခြေခံအဆောက်အဦးများကို ယာယီပိတ်သိမ်းခြင်းများ ပြုလုပ်ကြပါသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းဖြင့် ရွာသူရွာသားများသည် SAC ၏ တိုက်ခိုက်ခြင်းမှ ထိခိုက်ဒဏ်ရာရရှိမှုများကို လျှော့ချနိုင်ခဲ့ပါသည်။

ဖြစ်ရပ်တစ်ခုတွင် SAC မှ အသေခံဒရုန်းဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ မနက်ပိုင်း အချိန်တွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စုရှိ ပဟ--- ရွာအတွင်းသို့ ဗုံးကြဲချခဲ့ပြီး ဘုန်းကြီးကျောင်းအပေါ်သို့ ကျရောက်ခဲ့ပါသည်။ အခြား အသေခံဒရုန်းသုံးစဥ်းမှ ဗုံးသီးများမပေါက်ကွဲ ခဲ့သော်လည်း ကျေးရွာအနီးရှိလယ်ထဲတွင်ကျခဲ့ပါသည်။ SAC ၏ ဒရုန်းများသည် ကျောင်းများကိုလည်း ပစ်မှတ်ထားကြသောကြောင့် မိဘများအနေဖြင့် ၎င်းတို့၏ ကလေးများအား ကျောင်းသို့မပို့ရဲကြပေ။ ရလဒ်အနေဖြင့် တိုက်ခိုက်မှုများဖြစ်ပွားချိန်တွင် ကျောင်းကိုပိတ်ထားကြ

[33] Unpublished report from Kler Lwee Htoo District, received in March 2025. (#25-85-A1-I1)

ပါသည်။ ရွာသားများသည် ညဘက်အချိန်၌ ရွာပြင်ရှိတဲများတွင်အိပ်ကြသောကြောင့် တိုက်ခိုက်မှုများဖြစ်ပွားသည့်အခါ တစ်စုံတစ်ဦး ထိခိုက်ဒဏ်ရာရရှိခြင်း မရှိတော့ပေ။[34]

## ခ။ တောထဲတွင်ပုန်းကွယ်ဆောက်လုပ်ထားသည့် ကျောင်းများတွင် စာသင်ကြားခြင်း

စာသင်ကျောင်းများထပ်ခါတလဲလဲတိုက်ခိုက်ခံရမှုများကို ၂၀၂၁ ခုနှစ် ကတည်းကကြုံတွေ့ရပြီးနောက်ပိုင်း ကျောင်းသူကျောင်းသားများနှင့် ဆရာ၊ ဆရာမများကို ကာကွယ်ရန်နှင့် ပညာရေးဆက်လက်ရရှိစေရန်အတွက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူမှုအသိုက်အဝန်းများသည် နည်းဗျူဟာများကို တီထွင်ဖန်တီးခဲ့ကြရပါသည်။ ရွာသားများသည် SAC ၏ လေကြောင်းထောက်လှမ်းမှုနှင့် စစ်ရေးအရ ပစ်မှတ်ထားခံရမှုများမှရှောင်ပုန်းရန် ဒေသခံ KNU အာဏာပိုင်များ၊ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကျောင်းများကို တောနက်ထဲတွင် သော်လည်းကောင်း ဂူထဲတွင်သော်လည်းကောင်း ဆောက်လုပ်ကြပါသည်။ တောထဲတွင် ကျောင်းဆောက်လုပ်ရန် မဖြစ်နိုင်သည့် နေရာဒေသများတွင်မှာမူ ကျောင်းသူကျောင်းသားများ အနည်းငယ်စုပြီးအဖွဲ့ငယ်ဖွဲ့ကာ သီးသန့်အိမ်ထဲတွင် စာသင်နေကြရပါသည်။ ရွာသူရွာသားများသည် ဤအခြေနေများအောက်တွင်လုပ်ဆောင်နေသည့်တိုင်အောင် လုံခြုံမှုမရှိသေးဘဲ တိုက်ခိုက်ခံရမှုများ ရှိနေဆဲပင်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ မှ ဇွန်လအထိ သီးသန့်အိမ်များတွင် စာသင်နေသောကျောင်းသူကျောင်းသားနှင့် ဆရာ၊ဆရာမများ တိုက်ခိုက်မှုမှထိခိုက်ဒဏ်ရာရရှိပြီး သတ်ဖြတ်ခြင်းလည်း ခံကြရပါသည်။[35]

SAC ၏ တိုက်ခိုက်မှုများအပေါ် ကျောင်းသူကျောင်းများကို ကာကွယ်ရန် ရွာသားများ၏ တုန့်ပြန် ဆောင်ရွက်မှုသည် မူတြော် (ဖာပွန်) ခရိုင်၊ ဒွဲလိုမြို့နယ်၊ မထောကျေးရွာအုပ်စုရှိ နခ--- ကျေးရွာတွင် ဖြစ်ပွားခဲ့သောလေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ထင်ဟပ်စေပါသည်။ SAC မှ ဂျက်လေယာဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့၊ မနက် ၅ နာရီအချိန်တွင် နခ--- ကျေးရွာ၌တည်ရှိသောအခြေခံမူလတန်းကျောင်းပေါ်သို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ကျောင်းအဆောက်အဦးသုံးလုံးနှင့် ကျောင်းအသုံးဆောင်ပစ္စည်း များအပြင် ကျောင်းဆရာ၊ ဆရာမများ၏အဆောင်အမိုးကိုပါ ထိခိုက်ပျက်စီးခဲ့ပါသည်။ မိဘများ၊ ဒေသခံပညာရေးမှူးများနှင့် ဒေသခံ KNU အာဏာပိုင်များသည် လက်နက်ကြီး၊ ဒရုန်းနှင့် လေကြောင်း တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်နေကြပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများအတွက် တောထဲသို့ ကျောင်း ဆောက်ပေးခဲ့ပါသည်။ ရလဒ်အနေဖြင့် မထောကျေးရွာအုပ်စုအတွင်းရှိ ခဟ--- ရွာ၊ နခ--- ရွာနှင့် တန--- ရွာ များမှ ကလေးများ တောထဲတွင် ဆက်လက်ပညာသင်ကြားနိုင်ခဲ့သည်။ သို့သော် ကျောင်းသူကျောင်းသားအချို့ အတွက်မှာမူ တောထဲတွင် အသစ်ဆောက်လုပ်ပေးထားသည့် ကျောင်းနှင့် အနေဝေးသဖြင့် အခက်အခဲများ ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုရန်ကို ကြောက်နေရသည့် နခ--- ရွာမှ ကျောင်းသူကျောင်းသားများသည် ကျောင်းထွက်လိုက်ရပါသည်။

ပြန်လည်နေရာချထားသော ကျောင်းများတွင် ကျောင်းတက်နေသော ကလေးများအနေဖြင့် ပျက်စီးနေသောလမ်း နှင့် ခက်ခဲကြမ်းတမ်းသောလမ်းများဖြင့် သွားလာနေရခြင်း အပါအဝင် စိန်ခေါ်မှု အမျိုးမျိုး ကြုံတွေ့နေကြရပါသည်။ မိုးတွင်းကာလအတောအတွင်း ရာသီဥတု အခြေနေကြောင့် လမ်းပျက်စီးခြင်းနှင့် ရေကြီးခြင်းများသည် ဤပြဿနာအား ပိုမိုဆိုးရွားစေပါသည်။ ထိုကာလအတွင်း ခြင်မှတစ်ဆင့် ဖြစ်ပွားသော ရောဂါများလည်း အဖြစ် များကြောင်း တင်ပြကြပါသည်။ ရလဒ်အနေဖြင့် ကျောင်းသူကျောင်းသားများသည် တခါတရံ ကျောင်းတက်နိုင် ခြင်း မရှိခဲ့ပါ။ တောထဲတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့် အချိန်အတောအတွင်း SAC ၏ လေကြောင်း ထောက်လှမ်းမှုကို ရှောင်ရှားရန် မကြာခဏ ဆိုသလို ပိတ်နေရပါသည်။[36]

## ဂ။ ဒေသခံခေါင်းးဆောင်များနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးပေးခန်းသို့ သယ်ယူပို့ဆောင်ပေးခြင်း

SAC ၏ လေကြောင်းထောက်လှမ်းမှုနှင့် တိုက်ခိုက်မှုများကြောင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ပျက်စီး သွားခဲ့သော ဆေးပေးခန်းနှင့် ဆေးရုံများ သို့မဟုတ် သွားရောက်ကုသမှု ခံယူရန် အန္တရာယ်အလွန်များသော ဆေးပေးခန်းနှင့် ဆေးရုံများအတွက် ဒေသခံ ရပ်ရွာခေါင်းဆောင်များနှင့်

[34] *See*: KHRG,“Doo Tha Htoo District Short Update: SAC air strikes and shelling, causing casualties, damages and displacement; and forced labour, in Bilin Township (September 2024 to February 2025).” June 2025

[35] For instance, in one reported incident occurred on June 9th 2025, three students and one teacher were killed while studying under a house, in Paing Ya village tract, Kruh Tuh Township, Dooplaya District. Unpublished report from Dooplaya District, received in July 2025. (#25-260-I1)

[36] Unpublished report from Mu Traw District, received in March 2025. (#25-108-D1). *Also*: KHRG, ကဘီယူၤဟဲလံ *Aircraft coming!*, above.

ရွာသူရွာသားများသည် ထိခိုက်ဒဏ်ရာ ရရှိသူများနှင့် လူနာများအား ဆေးဝါးကုသမှုဆက်လက်ရရှိစေရေးအတွက် မြို့ပြ သို့မဟုတ် နယ်စပ်ဒေသများသို့ အရေးပေါ်သယ်ယူပို့ဆောင်ပေးရန် စီစဥ်ဆောင်ရွက်နေရပါသည်။[37] ထို့နည်းအတူ ဒေသခံအရပ်ဘက်အဖွဲ့အစည်းများသည်လည်း ထိခိုက်ဒဏ်ရာရရှိသည့်ရွာသားများအား သယ်ယူပို့ဆောင်ရေးအပေါ်စီစဥ်ဆောင်ရွက်ရာတွင် ဆက်လက်ကူညီပံ့ပိုးပေးလျှက်ရှိနေပါသည်။

ဥပမာဖြစ်ရပ်တစ်ခုအနေဖြင့် အထက်တွင်ဖော်ပြထားသည့် ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ ဝင်းကကျေးရွာအုပ်စုရှိ ခအေ--- ကျေးရွာတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဥ်အရ စောဘ--- အမည်ရှိ အသက် ၄၀ အရွယ်ရှိ ရွာသားတစ်ဦးသည် မီးဖိုချောင်တွင် ညနေစာစားနေစဥ် ဗုံးကျခဲ့သည်။ ဗုံးပေါက်ကွဲမှုကြောင့် သူ၏အိမ်ထိခိုက်ပျက်စီးစေသလို သူ၏ဘယ်ဘက်နားလေးခဲ့ရပါသည်။ သူ၏မျက်နှာသည်လည်း ဆိုးရွားစွာထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထိုတိုက်ခိုက်မှုကြောင့် ခအေ---ဆေးရုံပျက်စီးသွားသဖြင့် ထိခိုက်ဒဏ်ရာရရှိပြီးနောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အခြားရွာသားများကသူ့အားပုန်းရှောင်သည့်နေရာတွင် ဆောက်ထားသောဆေးပေးခန်းသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ နှစ်ပတ်ခန့် သူဆေးရုံတက်လိုက်ရပါသည်။[38] အချို့သောဖြစ်စဥ်များတွင် အရှေ့တန်းမြေပြင်ရှိ အန္တရာယ်များသောစစ်ဆေးရေးဂိတ်များကို ရှောင်ကွင်းရန် ဒေသခံ KNU အာဏာပိုင်များမှ လမ်းပြပေးပြီး ခရီးလမ်းအတောအတွင်း အကာအကွယ်များပေးနေကြောင်းလည်း တင်ပြကြပါသည်။

## ၄။ လုံခြုံရေးနှင့် ဥပဒေရှုထောင့်မှ သုံးသပ်ချက် - SAC မှ ပြည်သူပိုင်အခြေခံအဆောက်အဦးများတိုက်ခိုက်မှုအပေါ် နောက်ဆက်တွဲဆိုးကျိုးများ

၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက-SAC) မှ လူမှုအသိုက်အဝန်း၏ အခြေခံအဆောက်အဦးနှင့် ရိုးရာဓလေ့ထုံးတမ်းပွဲတော်ကျင်းပမှုများကိုတိုက်ခိုက်ခြင်းသည် မြန်မာစစ်တပ်၏ စစ်ဆင်ရေးဖြစ်သည့် ဖြတ်လေးဖြတ် နည်းဗျူဟာအားပြန်လည်ထင်ဟပ်စေပါသည်။ ဤနည်းဗျူဟာအား အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများ၏ ပညာရေး၊ ဖူလုံရေး၊ ဓလေ့ထုံးတမ်းနှင့် ဝိညာဥ်ရေးရာယုံကြည်ကျင့်သုံးမှုစသည့် အခွင့်အရေးများကို ဆက်လက်ချိုးဖောက်နေပါသည်။ SAC သည် ကျေးရွာများအပေါ်တိုက်ခိုက်မှုနှင့်လူထု၏နေထိုင်ရာနေရပ်များအပေါ် ဖျက်ဆီးမှုများပြုလုပ်ရန်ဖျက်ဆီးမှုများလုပ်ဆောင်သည့် တပ်သားအင်အားပမာဏအများအပြားကိုခိုင်းစေကာ နည်းလမ်းအမျိုးမျိုးကိုအသုံးပြုခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှု၊ ဒရုန်းဖြင့်တိုက်ခိုက်မှု၊ မီးရှို့တိုက်ခိုက်ဖျက်ဆီးမှုများသည် SAC ၏ခေါင်းဆောင်များမှ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များအပေါ် အလေးမထားမှုကို ပြသနေပါသည်။ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ဘာသာရေးအဆောက်အဦးများ စသည့် လူမှုအသိုက်အဝန်း၏အခြေခံအဆောက်အဦးများသည် ၎င်းတို့၏အရွယ်အစားနှင့် ထင်ရှားသည့်အမှတ်အသားများ ရှင်းလင်းစွာပေါ်လွင်နေသောကြောင့် တမင်ရည်ရွယ်ချက်ရှိစွာ ပစ်မှတ်ထားတိုက်ခိုက်နေသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။

အဆောက်အဦးများအပြင် ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် စာသင်ကျောင်းများသည် ကရင်ပြည်နယ်အတွင်းရှိ ရွာသားများအတွက် အတတ်ပညာများ ဆည်းပူးလေ့လာရန်၊ ပြုစုစောင့်ရှောက်မှုပြုရန်နှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ ယုံကြည်ကိုးကွယ်မှုများပြုလုပ်သည့် နေရာများဖြစ်ပါသည်။ မြန်မာစစ်တပ်မှ လူမှုရေးနှင့် ယဥ်ကျေးမှုဆိုင်ရာအဆောက်အဦးများအပြင် ရိုးရာယဥ်ကျေးမှုဆိုင်ရာအခမ်းအနားများကို တိုက်ခိုက်မှုများသည် ရွာသားများ၏ အခွင့်အရေး ဆိုင်ရာ ကျင့်သုံးမှုများကိုကန့်သတ်ရန် သို့မဟုတ် ကြီးမားစွာပြုပြင်ပြောင်းလဲရန် ဖိအားပေးခံနေရသည်ကို KHRG ၏မှတ်တမ်းပြုစုချက်မှ ပြသနေပါသည်။ ကျောင်းသူကျောင်းသားများအနေဖြင့်လည်း ၎င်းတို့၏ပညာရေးကို အပြီးပိုင်ရပ်တန့်နေရခြင်း သို့မဟုတ် ၎င်းတို့၏လုံခြုံရေးအပေါ် ကြီးမားသည့် အန္တရာယ်များကြုံနေစဥ်တွင် ဆက်လက်ကျောင်းတက်နေရပါသည်။ ရွာသူရွာသားများမှာမူ ကျန်းမာရေးဝန်ဆောင်မှုရယူနိုင်ရန်အတွက် ဝေးကွာစွာခရီးသွားလာနေရပါသည်။ ထို့နည်းအတူ မိသားစုများ မိတ်ဆွေအပေါင်းသင်းများသည်လည်း မင်္ဂလာပွဲအခမ်းနားများနှင့် အခြားရိုးရာယဥ်ကျေးမှုဆိုင်ရာအခမ်းအနားများကျင်းပရန် တွန့်ဆုတ်နေကြရပါသည်။ ဘာသာတရားကိုင်းရှိုင်းသူများလည်း မိမိတို့၏

37 *See, for instance*: KHRG, “Taw Oo District Short Update: A landmine explosion severely injured two villagers, including a 13-year-old, in Daw Hpah Hkoh Township (May 2025)”, July 2025

38 Unpublished report from Dooplaya District, received in May 2025. (#25-150-D1)

ယုံကြည်ကိုးကွယ်မှုအား ကျင့်သုံးသည့်နေရာများကို စွန့်ပစ်ခဲ့ကြရသည်။ ဤတိုက်ခိုက်မှုများကြောင့် ရလဒ်အနေဖြင့် လူမှုအသိုက်အဝန်းမှဗဟိုပြုသည့်ရပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အဦးများသည် ယခုအချိန်တွင် လုံခြုံမှုမရှိတော့ပေ။

### က။ ရမ်းသမ်းတိုက်ခိုက်မှုနှင့် ပစ်မှတ်ထားတိုက်ခိုက်မှုများ

အထက်ပါသက်သေအထောက်အထားများ၏ဖော်ပြချက်အရ SAC မှ ပြည်သူပိုင်အခြေခံအဆောက်အဦးများအပေါ်နှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများအပေါ် တိုက်ခိုက်မှုများသည် ကြိုတင်စီစဥ်ထားပြီးသားနှင့် ပစ်မှတ်ထားသည့်တိုက်ခိုက်မှုများဖြစ်သလို ကျေးရွာများအပေါ်ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခြင်းလည်း ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ပြည်သူပိုင်အခြေခံအဆောက်အဦးများအပေါ် SAC ၏တိုက်ခိုက်မှုများတွင် တိုက်ခိုက်မှုများမပြုလုပ်ခင် လေကြောင်းထောက်လှမ်းမှုများ၊ ခြေလျင်တပ်ဖွဲ့မှ မီးရှို့ဖျက်ဆီးမှုများ၊ များပြားသော ဒရုန်း၊ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှုများပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဓလေ့ထုံးတမ်းဥပဒေအောက်တွင် အရပ်သားပြည်သူများနှင့် သက်ဆိုင်သည့်အရာများကိုစစ်ရေးရည်ရွယ်ချက်ဖြင့်အသုံးပြုကြောင်း သတင်းအချက်အလက်ရရှိမှုနိုင်လုံမှ သာလျှင် တိုက်ခိုက်မှုပြုရန်ပစ်မှတ်အဖြစ်ထားနိုင်ကြောင်း ဖော်ပြထားပါသည်။[39] ဤဖော်ပြချက်အရ မြန်မာစစ်တပ်အနေဖြင့် အရပ်သားပြည်သူများအားပစ်မှတ်ထားခြင်းမပြုရန်နှင့် ရမ်းသမ်းတိုက်ခိုက်မှုကိုဖြစ်စေသော စစ်ဆင်ရေး နည်းလမ်းများအားအသုံးပြုခြင်း သို့မဟုတ် အရပ်သားအပြင် အရပ်သားနှင့်သက်ဆိုင်သောအရာများကိုအချိုးစားကျမှုမရှိသောထိခိုက်ပျက်စီးမှုဖြစ်စေသည့်တိုက်ခိုက်မှုမျိုးကိုမပြုလုပ်ရန် တာဝန်ဝတ္တရားရှိပါသည်။[40] KHRG ၏ မှတ်တမ်းပြုစုချက်မှ ရရှိသောသတင်းအချက်အလက်များအရ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအထိ SAC မှ ကျူးလွန်သောတိုက်ခိုက်မှုများတွင် ပြည်သူပိုင်အခြေခံအဆောက်ဦးများအပါအဝင် အရပ်သားပြည်သူနှင့် သက်ဆိုင်သောအရာများကို ခွဲခြားခြင်းမရှိဘဲ မြန်မာစစ်တပ်မှ တိုက်ခိုက်မှုပြုလုပ်နေကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် SAC ၏တပ်အင်အားအသုံးပြုမှုသည် အစဥ်အမြဲ အချိုးစားကျခြင်းမရှိဘဲ အကာအကွယ်ပေးခြင်းအခြေခံမှုအား ရှင်းလင်းစွာချိုးဖောက်နေသည်။ အဆိုပါအခြေခံမှု၌ အရပ်သားပြည်သူများအားထိခိုက်နစ်နာမှုမဖြစ်အောင် စစ်ဆင်ရေးအားအစဥ်အမြဲဂရုတစိုက်ဖော်ဆောင်ရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။[41]

### ခ။ ပြည်သူပိုင်အဆောက်အဦးများနှင့် ရိုးရာယဥ်ကျေးမှုဆိုင်ရာအခမ်းအနားများကိုပေးထားသော ကာကွယ်မှုများ

ပြည်သူပိုင် အဆောက်အဦးများသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေအောက်နှင့် နိုင်ငံတကာလူ့အခွင့်အရေးသဘောတူစာချုပ်အရ အကာအကွယ်ပေးထားသောအရာများ ဖြစ်သည်။

ဆေးရုံနှင့် ဆေးပေးခန်းများသည် ၁၈၆၄ ခုနှစ်၊ ဂျီနီဗာသဘောတူစာချုပ်ချုပ်ဆိုပြီးကတည်းက အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအောက်တွင် တစ်နည်းတစ်ဖုံအကာအကွယ်ပေးထားပြီးသားဖြစ်သည်။[42]ယနေ့အချိန်တွင် ကျန်းမာရေးလုပ်သားများ၊ ကျန်းမာရေးဆိုင်ရာအစုအဖွဲ့များနှင့် ကျန်းမာရေးဆိုင်ရာနေရာဒေသများကို တိုက်ခိုက်ခြင်းအား အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဓလေ့ထုံးတမ်းဥပဒေမှ တားဆီးထားပါသည်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဓလေ့ထုံးတမ်းဥပဒေအောက်တွင် ကျန်းမာရေး အစုအဖွဲ့ သို့မဟုတ် ကျန်းမာရေးဝန်ဆောင်မှုပေးသည့်နေရာရှိအရပ်သားပြည်သူဖြစ်စေ စစ်ဘက်ဆိုင်ရာဖြစ်စေ တိုက်ခိုက်ခြင်းမှ အမြဲတမ်းကာကွယ်ပေးရမည်ဖြစ်ပြီး ၎င်းတို့ကိုလေးစားမှုပြုရမည်ဖြစ်ပါသည်။ သို့စေကာမူ ၎င်းတို့၏လူသားချင်းစာနာထောက်ထားမှုပြင်ပမှရန်သူများအပေါ် ထိခိုက်နစ်နာအောင်လုပ်ဆောင်ရန်အသုံးပြုမှသာလျှင် ဤအကာအကွယ်များ ရပ်တန့်သွားမည်ဖြစ်သည်။[43] မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆေးပေးခန်းများအပေါ် တိုက်ခိုက်မှုများသည် ဤချွင်းချက်နှင့် ကိုက်

[39] Rule 1, 7-13, 15-16 of the ICRC Rules on Customary International Humanitarian Law, accessible at: ihl-databases.icrc.org/en/customary-ihl/v1

[40] Rule 11-14 of the ICRC Rules on Customary International Humanitarian Law.

[41] Rule 15 of the ICRC Rules on Customary International Humanitarian Law.

[42] 1864 Convention for the Amelioration of the Condition of the Wounded in Armies in the Field. Geneva. Art 1

[43] Rules 25-30, 35 of the ICRC Rules on Customary International Humanitarian Law.; See also Rule 55: The parties to the conflict must allow and facilitate rapid and unimpeded passage of humanitarian relief for civilians in need, which is impartial in character and conducted without any adverse distinction, subject to their right of control. and Rule 131: In case of displacement, all possible measures must be taken in order that the civilians concerned are received under satisfactory conditions of shelter, hygiene, health, safety and nutrition and that members of the same family are not separated.

ညီကြောင်း သက်သေအထောက်အထားမရှိပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှုပေးသည့်အခြေခံအဆောက်အဦးများအပေါ် SAC ၏တိုက်ခိုက်မှုသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဓလေ့ထုံးတမ်းဥပဒေချိုးဖောက်ရာ မြောက်ပါသည်။

မြန်မာစစ်တပ်သည် ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းပြီးချိန်မှစပြီး ၂၀၂၅ ခုနှစ်အထိ ဆေးရုံနှင့်ဆေးပေးခန်းများအပေါ် တိုက်ခိုက်မှုများဆက်လက်လုပ်ဆောင်နေသောကြောင့် ရွာသားများ၏အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုရှာဖွေရေးနှင့် အသက်ကယ်ဆယ်ရေးအတွက် အဟန့်အတား ဖြစ်စေခဲ့ပါသည်။ ဤသည်မှာ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေမှဖော်ပြချက်အရ ဆေးပေးခန်းများအပေါ် တိုက်ခိုက်မှုသည် ရွာသားများ၏အခြေခံကျန်းမာရေးလက်လှမ်းမီနိုင်ခွင့်အခွင့်အရေးနှင့် အရည်အသွေးပြည့်မီသောလူနေမှုအဆင့်အတန်းများအပေါ် ရေရှည်ဆိုးကျိုးသက်ရောက်မှုရှိစေပါသည်။[44] ဆေးရုံနှင့် ဆေးပေးခန်းများတိုက်ခိုက်ဖျက်စီးခြင်းဖြင့် မြန်မာစစ်တပ်၏ချိုးဖောက်မှုများသည် ရွာသားများ၏အခြေခံအဆောက်အဦးများအား စစ်မြေပြင်သို့ တွန်းပို့စေပါသည်။ အသက်ရှင်သန်ကျန်ရှိသူများအနေဖြင့်လည်းရွေးချယ်စရာမရှိဘဲ အခြေခံကျန်းမာရေးဝန်ဆောင်မှုအား လက်လှမ်းမီနိုင်ရန် ၎င်းတို့၏အသက်အန္တရာယ်ကို ရင်းနေရပါသည်။

ထို့နည်းအတူ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဓလေ့ထုံးတမ်းဥပဒေအောက်တွင် စစ်ရေးရည်ရွယ်ချက်ရ အသုံးမပြုရသည့်စာသင်ကျောင်းနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများအပေါ် တိုက်ခိုက်မှုကိုလည်း တားဆီးထားပါသည်။[45] တိတိကျကျအားဖြင့်ဆိုရသော် မြန်မာနိုင်ငံမှသဘောတူလက်မှတ်ရေးထိုးထားသောကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRC) အပါအဝင် အပြည်ပြည်ဆိုင်ရာလူသား ချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်း ဥပဒေ IHL နှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (IHRL)[46] အောက်တွင် ပဋိပက္ခဒဏ်သင့်သည့်ကလေးသူငယ်များသည် အထူးအကာအကွယ်ပေးရမည်ဖြစ်ပါသည်။ စာသင်ကျောင်းများအပေါ်တိုက်ခိုက်မှုပြုခြင်းသည် ပဋိပက္ခကာလအတွင်း ကလေးသူငယ်များပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ်သည့် အခွင့်အရေးကိုချိုးဖောက်ရာမြောက်သည်သာမက သူတို့၏အခြေခံပညာရေးလက်လှမ်းမီနိုင်ခွင့်အခွင့်အရေးကိုပါချိုးဖောက်ရာရောက်ပါသည်။[47] ဤစာတမ်းမှဖော်ပြထားသည့်သက်သေအထောက်အထားအရ မြန်မာစစ်တပ်သည် ကျောင်းသူကျောင်းသားများ၏ ပညာသင်ကြားရာနေရာများတိုက်ခိုက်ဖျက်ဆီးခြင်းဖြင့် ချိုးဖောက်မှုများကျူးလွန်နေသည်သာမက စာသင်ကျောင်းများအားပိတ်သိမ်းစေရန် ဖိအားပေးစေခြင်း သို့မဟုတ် ပြန်လည်ရွှေ့ပြောင်းနေရာချထားခြင်းအပြင် တိုက်ခိုက်မှုများအပေါ် ကြောက်ရွံ့နေရသောကြောင့် မိဘများအား ၎င်းတို့၏ကလေးများကိုကျောင်းထုတ်ရန် ဖိအားပေးရာလည်း ရောက်ပါသည်။

နောက်ဆုံးအနေဖြင့် ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံကအတည်ပြုခဲ့သော "လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားချိန်တွင် ယဉ်ကျေးမှုဆိုင်ရာပိုင်ဆိုင်မှုများ ကာကွယ်ရေးသဘောတူစာချုပ်"အရလက်နက်ကိုင်ပဋိပက္ခတွင်စာချုပ်အားသဘောတူလက်မှတ်ရေးထိုးသူများသည် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအရေးပါသောအဆောက်အဦးများအပါအဝင် ယဉ်ကျေးမှုဆိုင်ရာပြည်သူပိုင်အဆောက်အဦးများကိုလေးစားရန်၊ ကာကွယ်ရန်နှင့် ၎င်းတို့ပျက်စီးခြင်း၊ ဖျက်ဆီးခြင်းတို့မှတားဆီးရန်ဖြစ်နိုင်သမျှသောနည်းလမ်းအားလုံးကို ဆောင်ရွက်ရန်တာဝန်ရှိပါသည်။[48] အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားမှုဓလေ့ထုံးတမ်းဥပဒေမှလည်း ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများကို စစ်ရေးအရရည်ရွယ်ချက်ဖြင့်အသုံးပြုခြင်းမဟုတ်ပါက ၎င်းတို့အပေါ်တိုက်ခိုက်မှုအားတားဆီးထားပါသည်။ ထို့နည်းအတူ ဆေးပေးခန်းများအားတိုက်ခိုက်ခြင်းအပါအဝင် ဘာသာရေးဆိုင်ရာလူပုဂ္ဂိုလ်များအားသတ်ဖြတ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရစေခြင်းများသည်လည်း အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဓလေ့ထုံးတမ်း ဥပဒေမှ တားဆီးထားပါသည်။[49] အထက်ပါဖော်ပြချက်အတိုင်း အရပ်သားပြည်သူများအပေါ်နှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပိုင်ဆိုင်မှုများအပေါ်တိုက်ခိုက်ခြင်းကို အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဓလေ့ထုံးတမ်းဥပဒေမှ ပြင်းထန်စွာတားဆီးထားပါသည်။ ဤတားဆီးမှုများထဲတွင် အရပ်သားပြည်သူများစုဝေးခြင်းနှင့် အခမ်းအနားပွဲတော်ကျင်းပခြင်း

44 1948 Universal Declaration of Human Rights (UDHR), Art 25 (1); 1966 International Covenant on Economic, Social and Cultural Rights (ICESCR), Art 11 (1) and 12 (1).; Also see 1946 Constitution of the World Health Organization.

45 Rule 9 of the ICRC Rules on Customary International Humanitarian Law.

46 Rule 135 of the ICRC Rules on Customary International Humanitarian Law.

47 1989 Convention on the Rights of the Child (CRC), Art. 8 (1) and 38 (1).

48 1954 Convention for the Protection of Cultural Property in the Event of Armed Conflict with Regulations for the Execution of the Convention, Art 4 (1)

49 Rule 27, 38-40 of the ICRC Rules on Customary International Humanitarian Law.

များကို တိုက်ခိုက်ခြင်းလည်းပါဝင်ပါသည်။[50]

SAC ၏တိုက်ခိုက်မှုသည် လူမှုအသိုက်အဝန်းအတွက် ၎င်းတို့၏ကိုယ်ပိုင်ကျင့်သုံးမှုများ ကိုင်စွဲနိုင်စွမ်းရှိခြင်း အပေါ် ရှင်းလင်းသည့်သက်ရောက်မှုရှိနေပါသည်။ SAC မှတိုက်ခိုက်မှုလုပ်ဆောင်နေစဉ်ကာလအတွင်း လူမှု အသိုက်အဝန်းအတွက်အရေးကြီးသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့် သမိုင်းဝင်ဘာသာရေးအဆောက်အဦးများအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။ အဆိုပါ အဆောက်ဦးများသည် ရွာသားများ၏နားခိုရာနေရာဖြစ်သော်လည်းကောင်း ဘာသာရေးသမားများ၏နေစရာအိမ်ဖြစ်သော်လည်းကောင်း အသုံးပြုကြပါသည်။ အခြေခံလူ့အခွင့်အရေးစာတမ်းမှဖော်ပြချက်အရ တိုက်ခိုက်ခံရသော လူထု၏အခြားအဆောက်အဦးများသည်လည်း ထိုကဲ့သို့လုပ်ဆောင်မှုနှင့်နေထိုင်စရာနေရာအဖြစ် တွဲဖက်ကျင့်သုံးခွင့်ရှိကြောင်း ဖော်ပြထားပါသည်။[51] အလားတူပင် ကရင်နှစ်သစ်ကူးပွဲတော်၊ မင်္ဂလာဆောင်ပွဲနှင့် ဈာပနအခမ်းအနားကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများသည် ဒေသတွင်းယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်များကို စုပေါင်းကျင်းပကျင့်ပြုရန်နှင့် ပုဂ္ဂိုလ်ရေးအရ ခံစားရန် အခွင့်အရေးများကိုဖန်တီးပေးပါသည်။ SAC ၏တိုက်ခိုက်မှုများသည် ရွာသားများ၏နေ့စဉ်လူမှုရေးနှင့် ဘာသာရေးလုပ်ငန်းဆောင်တာများကို နှောင့်ယှက်ရုံသာမက၊ ကျေးလက်နေ ရွာသားများ အတွက် အတိုင်းအဆမရှိ အရေးပါသော ရိုးရာယဉ်ကျေးမှုဆိုင်ရာ နေရာများကိုလည်း ပျက်စီးဆုံးရှုံး စေပါသည်။

ယေျဘုယျ အားဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအထိ မြန်မာစစ်တပ်၏ ပြည်သူပိုင်အဆောက်အဦးများအပေါ် တိုက်ခိုက်မှုများသည် စစ်ရေးပဋိပက္ခတွင် မည်သည့်တပ်ဖွဲ့ကမျှ ချိုးဖောက်၍မရနိုင်သောစစ်ဥပဒေဆိုင်ရာပကတိအမြင့်ဆုံးသောစည်းမျဉ်းများ (jus cogens) နှင့် နိုင်ငံတကာအသိုင်းအဝိုင်းတစ်ရပ်လုံးအပေါ် တာဝန်ရှိမှုများ (erga omnes) အပါအဝင် အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားမှုဓလေ့ထုံးတမ်းဥပဒေကို ထင်ရှားစွာချိုးဖောက်သည့်လုပ်ရပ်ဖြစ်ပါသည်။ အဆိုပါ တိုက်ခိုက်မှုများ၏သဘောသဘာဝကို ထည့်သွင်းစဉ်းစားခြင်းဖြင့် လည်းကောင်း၊ ထိုတိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သောအဆောက်အဦးများ၏ အမျိုးအစားများကို ခြုံငုံသုံးသပ်နိုင်ပါသည်။

## ၅။ အကြံပြုချက်များ

### နိုင်ငံတကာပါဝင်ပတ်သက်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs) များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရများ ထံသို့

- SAC မှ လူမှုအသိုက်အဝန်းနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦးများကို တိုက်ခိုက်မှုများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (IHRL) နှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဓလေ့ထုံးတမ်း ဥပဒေ (IHL) အပါအဝင် နိုင်ငံတကာဥပဒေကို ထင်ရှားစွာချိုးဖောက်ခြင်းအပေါ် ပြင်းထန်စွာရှုတ်ချပေးရပါရန်။ ဤတိုက်ခိုက်မှုများသည် သီးသန့်ဖြစ်ပွားသော ဖြစ်ရပ်မဟုတ်ပါ။ ဤတိုက်ခိုက်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူ့လူထု၏အခြေခံအခွင့်အရေးများ၊ လူမှုဖွဲ့စည်းပုံနှင့် လုံခြုံရေးကို ကြီးမားပြင်းထန်စွာခြိမ်းခြောက်လျက်ရှိပါသည်။
- မြန်မာစစ်တပ်သည် လက်ရှိလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းဖြစ်စေသည့်အဖွဲ့ဖြစ်ကြောင်းနှင့် ပြည်သူလူထုအား ရမ်းသမ်း၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်နေသည့် တရားခံဖြစ်နေသည်ကို သတ်မှတ်အတည်ပြုရန်။ ထို့နည်းအတူ အစုလိုက်အပြုံလိုက်နေရပ်စွန့်ပြောင်းနေထိုင်မှုကိုဖြစ်စေသည့်တရားခံဖြစ်ကြောင်းလည်း သတ်မှတ်အတည်ပြုပေးရပါမည်။ ထို့အပြင် SAC သည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုအား ကျူးလွန်နေကြောင်းကိုလည်း သတ်မှတ်အတည်ပြုရန်။
- လောင်စာဆီတင်ပို့မှု၊ စစ်ဘက်ဆိုင်ရာထောက်ပံ့မှုနှင့် လက်နက်တင်ပို့မှုများအား ပိတ်ပင်တားဆီးခြင်း အပါအဝင် SAC အပေါ်ပစ်မှတ်ထားပြီး ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများချမှတ်ရန်။ အာဏာသိမ်းစစ်တပ်ခေါင်းဆောင်များ၊ စစ်တပ်နှင့်ပတ်သက်ဆက်နွယ်မှုရှိသည့် ကုမ္ပဏီများကို ဒဏ်ခတ်အရေးယူရန်နှင့် ရေနံ၊ ဓာတ်ငွေ့နှင့် ပြည်လူထုကိုတိုက်ခိုက်ရန် အခြားသောသယံဇာတတူးဖော်ရေးလုပ်ငန်းကဲ့သို့သောအဓိကဝင်ငွေအရင်းအမြစ်များကို ဖြတ်တောက်ရန်။

50 Rule 1, 6, 11 of the ICRC Rules on Customary International Humanitarian Law.
51 1948 UDHR, Art 25 (1); 1966 ICESCR, Art 1 (1) and 15 (1) (a).

- လူမှုရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကိုပေးနေသောလူထုအခြေပြုအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာအောင်လုပ်ဆောင်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော်လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများအပေါ် ဝိုင်းဝန်းပံ့ပိုးပေးရန်။ အာဏာသိမ်းစစ်တပ်သည် ၎င်းတို့၏ထိန်းချုပ်မှုပြင်ပတွင်ရှိသောနေရာဒေသများသို့ ဝင်ရောက်နိုင်ရန် အကူအညီများကိုလက်နက်သဖွယ်အသုံးပြုနေပါသည်။[52] ထို့ကြောင့် သူတို့ထံမှတစ်ဆင့်အကူအညီပေးခြင်းများ လုပ်ဆောင်ခြင်းမပြုပါရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားပြည်လူထုများအား စနစ်တကျတိုက်ခိုက်မှုအပေါ် စုံစမ်းစစ်ဆေးရန် ဒေသခံအခွင့်အရေးအခြေပြုအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးလုပ်ပိုင်ခွင့်အားတိုးချဲ့ပေးရန်။ နိုင်ငံတကာရာဇဝတ်တရားရုံးနှင့် နိုင်ငံတကာတရားရုံးများတွင် အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးဆိုင်ရာတရားစီရင်မှုအပါအဝင် ပြည်တွင်း၊ ပြည်ပတာဝန်ခံမှုယန္တရားများမှလွဲပြောင်းခြင်းဖြင့် ဥပဒေရေးရာတာဝန်ခံမှုရှိလာအောင် ဦးစားပေးလုပ်ဆောင်ရန်။
- SAC အား အသိအမှတ်ပြုခြင်း၊ သဘောတူညီချက်များလက်မှတ်ရေးထိုးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းသို့မဟုတ် အတုယောင်ရွေးကောက်ပွဲတွင် ပူးပေါင်းလုပ်ဆောင်ခြင်းအပါအဝင် ၎င်းတို့ကိုတရားဝင်မှုဖြစ်စေသည့် ထိတွေ့ဆက်ဆံမှုအားလုံးကို ငြင်းပယ်ရန်။ အာဏာသိမ်းစစ်တပ်ကို တရားဝင်မှုပေးခြင်းသည် ၎င်းတို့အား အပြစ်ဒဏ်ကင်းလွတ်ခွင့်သက်ဆိုးရှည်အောင်လုပ်ဆောင်ခြင်းဖြစ်ပြီး အရပ်သားပြည်သူလူထုများအား အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုကြုံတွေ့စေပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းများမှ ၎င်းတို့၏အာဏာသိမ်းမှုနှင့် အကြမ်းဖက်ထိုးစစ်ဆင်မှုအပေါ် မြဲမြံစွာ ကန့်ကွက်ဆန့်ကျင်ရပါမည်။
- SAC အား ဒဏ်ခတ်အရေးယူမှုများရုပ်သိမ်းခြင်းနှင့် လက်ရှိအမေရိကန်ဒဏ်ခတ်မှုများ နောက်ပြန်လှန်ခြင်းအပါအဝင် ထိုင်းလေတပ်၏ SAC[53] နှင့်သဘောတူညီချက်အပါအဝင် စစ်အစိုးရနှင့် နှစ်နိုင်ငံချင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများကို ပြင်းထန်စွာ ရှုတ်ချပေးပါရန်။
- အိမ်နီးချင်းနိုင်ငံများမှ အာဏာပိုင်များအား ၎င်းတို့နိုင်ငံတွင်းခိုလှုံခွင့်ကိုရှာနေသည့် နယ်စပ်ဖြတ်ကျော်ပြီး ဝင်ရောက်လာသူများကို ဝင်ရောက်ခိုလှုံခွင့်အားမငြင်းပယ်ရန် တိုက်တွန်းနှိုးဆော်ပေးရန်။ ခိုလှုံခွင့်ရှာနေသောသူများအတွက် အကာအကွယ်ပေးသည့်ဝန်ဆောင်မှုနှင့် ကူညီထောက်ပံ့မှုများတိုးတက်ကောင်းမွန်လာစေရေးအတွက် ၎င်းတို့အား နယ်စပ်ဖြတ်ကျော်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ထောက်ခံအားပေးပါရန်။
- ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများတွင် လုပ်ငန်းလည်ပတ်နေသောအဖွဲ့အစည်းများကို ထောက်ပံ့ခြင်း နှင့် SAC ၏ လူမှုရေးဆိုင်ရာအခြေခံအဆောက်အဦးများကို ကျယ်ပြန့်စွာဖျက်ဆီးခြင်းနှင့် ရမ်းသမ်းတိုက်ခိုက်ခြင်းများကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်မှုကို မြင့်တက်လာခြင်းအပေါ် ချက်ချင်းကိုင်တွယ်ဖြေရှင်းပေးရန်။ USAID ၏ ငွေကြေးထောက်ပံ့မှုဖြတ်တောက်ခြင်းကြောင့် လတ်တလောဖြစ်ပေါ်လာသောအရေးကြီးသည့်လစ်လပ်မှုများကိုဖြည့်ဆည်းရန်နှင့် ရွှေ့ပြောင်းနေထိုင်ရသည့် လူမှုအသိုက်အဝန်းများလုံလောက်သည့်အကာအကွယ်များရရှိအောင် သေချာစွာလုပ်ဆောင်ရန်။ ထို့အပြင် အခြေခံဝန်ဆောင်မှုရရှိခြင်းနှင့် ဂုဏ်သိက္ခာရှိစွာ ဘဝကိုပြန်လည်တည်ဆောက်ခွင့်အခွင့်အလမ်းများရရှိစေရေးကိုလည်း သေချာစွာလုပ်ဆောင်ပေးရန်။
- နိုင်ငံတကာ၏တုန့်ပြန်မှုများသည် မြေပြင်တွင် ဖြစ်ပျက်နေသောအခြေအနေမှန်များအပေါ်နှင့် ဒေသခံလူထု၏လိုအပ်မှုများအပေါ်ကိုက်ညီမှုရှိစေရန် လူထုအခြေပြုအဖွဲ့အစည်းများအပါအဝင် ထိခိုက်နစ်နာသည့် ဒေသခံပြည်သူလူထု၏အသံများနှင့် တက်ကြွစွာထိတွေ့ဆက်ဆံရန်။

52 Progressive Voice, "Nowhere to Run: Deepening Humanitarian Crisis in Myanmar", September 2021.,
53 OHCHR, "UN expert appalled by US withdrawal of sanctions against companies providing weapons to Myanmar junta", June 2025; The Irrawaddy, "Thai Air Force to Help Myanmar Junta Develop Drones, Train Officers", June 2025.

## အရှေ့မျက်နှာဖုံးဓာတ်ပုံအကြောင်း

ဤမျက်နှာဖုံးဓတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခလယ်လွီထူခရိုင်၊ ဆောထိ (ရွှေကျင်) မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ယစျ--- ကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် SAC မှ တိုက်လေယာဥ်ဖြင့် ယစျ--- ကျေးရွာအပေါ်သို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် ဘေးချင်းကပ်လျှက် တည်ရှိနေသော ဘုန်းကြီးကျောင်း ၂ လုံး၏ အမိုး၊နံရံနှင့် ကြမ်းပြင်များကို ထိခိုက်ပျက်စီးခဲ့ပါသည်။ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် SAC ၏ လေကြောင်းတိုက်ခိုက်မှုမှ ဗုံးသီးအပိုင်းအစများကြောင့် ဘုန်းကြီးကျောင်း ၁ ကျောင်း အနည်းငယ် ထိခိုက်ပျက်စီးခဲ့သည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်မှာမူ SAC မှ ဘုန်းကြီးကျောင်း ၂ ကျောင်း စလုံးအပေါ်သို့ ဗုံးကြဲချခဲ့သောကြောင့် ဘုန်းကြီးကျောင်း အဆောက်အဦးများ လုံးဝ ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ ဓာတ်ပုံထဲတွင် SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသွားသော ဘုန်းကြီးကျောင်း၏ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင် ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ် သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အ ခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကို ဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။